www.burmeseclassic.com

# မြန်မာ့အာမခံလုပ်ငန်းအကြောင်း သိကောင်းစရာ

ဒေါက်တာမောင်မောင်သိမ်း
စီစဉ်တည်းဖြတ်သည်



# BASIC FACTS ABOUT MYANMA INSURANCE

PUBLISHED BY MYANMA INSURANCE

www.burmeseclassic.com

www.burmeseclassic.com



# မြန်မာ့အာမခံလုပ်ငန်းအကြောင်း သိကောင်းစရာ

PUBLISHED BY MYANMA INSURANCE





ပဟုသုတ ရစေရန်သာ ထုတ်ဝေခြင်း ဖြစ်ပါသည်။ ရည်ညွှန်းကိုးကား သုံးစွဲရန် မဟုတ်ပါ။ ဖော်ပြချက်များကို အခါအားလျော်စွာ ပြင်ဆင်သွားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် ■ ၄၀၀၁၁၀၀၁၁၀
မျက်နှာဖုံးခွင့်ပြုချက် ■ ၄၀၀၀၆၉၀၁၀
မျက်နှာဖုံးပန်းချီ ■ ကိုနေဝင်းအောင်
အတွင်းအပြင်အဆင် ■ ရဲမင်းအောင်၊ သန်းထိုက်လင်း
ပုံနှိပ် ■ စွယ်တော်ပုံနှိပ်တိုက်(မြ-၀၇၀၅၃)
ထုတ်ဝေ ■ မြန်မာ့အာမခံလုပ်ငန်း
ထုတ်ဝေသည့်အကြိမ် ■ ပထမအကြိမ်၊ ဖေဖော်ဝါရီလ၊ ၂၀၁၀ ခုနှစ်
အုပ်ရေ ■ ၃၀၀၀
တန်ဖိုး ■ ၁၀၀၀ ကျပ်

စာအုပ်ကတ်တလောက်အညွှန်း (CIP) ၃၆၈

ဒေါက်တာမောင်မောင်သိမ်း
မြန်မာ့အာမခံလုပ်ငန်းအကြောင်းသိကောင်းစရာ/ ဒေါက်တာမောင်မောင်သိမ်း။ ရန်ကုန်
မြန်မာ့အာမခံလုပ်ငန်း၊ ပထမအကြိမ်၊ ၂၀၁၀
၁၀၄ စာ၊ ၁၀.၅ × ၁၆.၅ စင်တီ။
မြန်မာ့အာမခံလုပ်ငန်းအကြောင်းသိကောင်းစရာ

# ရည်ညွှန်းချက်

■ မြန်မာနိုင်ငံတွင် အာမခံပညာ ပြန့်ပွားရေးကို စိုက်လိုက်မတ်တပ် ဆောင်ရွက်လျက်ရှိသော မြန်မာ့အာမခံမှ ဝန်ထမ်းများ၊ အာမခံ ကိုယ်စားလှယ်များ နှင့် အာမခံထားသော ပြည်သူများအား ရည်ညွှန်းပါသည်။ ■





www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်လွှာ

မြန်မာ့အာမခံလုပ်ငန်း၏ သမိုင်းကြောင်းတွင် ကမ္ဘည်းမော်ကွန်းရေးထိုးရမည့် ဤစာအုပ်ငယ် ဖြစ်မြောက်ရေးအတွက်

ဤစာအုပ်ငယ်မျိုး ရှိသင့်သည်ဟု အကြိမ်ကြိမ် လမ်းညွှန်မှုပေးခဲ့သော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း။

ဤစာအုပ်ငယ် ထုတ်ဝေရေးကို အားပေးတိုက်တွန်းခဲ့သော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ။

မြန်မာ့အာမခံကို မိမိတွဲဖက်တာဝန်ယူထားရသော ကာလအတွင်း ဤစာအုပ်ငယ် ထုတ်ဝေရန် စိတ်ရောကိုယ်ပါ အားပေးခွင့်ပြုခဲ့သော အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစံသောင်း(ငြိမ်း)တို့အား အထူးကျေးဇူးတင်ရှိပါသည်။



ထို့ပြင်

ဤစာအုပ်ငယ်ကို စီစဉ်တည်းဖြတ်ပေးခဲ့သော မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်း၊

ဤစာအုပ်ငယ် ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီမှုပြုသော စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးတင့်ဆွေ နှင့် စာပေစိစစ်ရေးမှ တာဝန်ရှိသူများ၊

ဤစာအုပ်ငယ်အား စာအုပ်အဖြစ်ပေါ်ထွက်လာရေးအတွက် အစမှ အဆုံး ကူညီဆောင်ရွက်ပေးခဲ့သော မြန်မာ့အာမခံလုပ်ငန်း ဒုတိယ အထွေထွေမန်နေဂျာ ဦးစိန်မင်း၊ စာရေးဆရာမ နှင်းဝေငြိမ်းတို့ ပါဝင်သည့် မုဒိတာမဂ္ဂဇင်းဝိုင်းတော်သားများ၊

ဤစာအုပ်တွင် ပါဝင်သော စာမူများကို ပြုစုပေးခဲ့သော မြန်မာ့အာမခံလုပ်ငန်း ဒုတိယ အထွေထွေ မန်နေဂျာ ဒေါ်မာလာညွှန့်၊ လက်ထောက်အထွေထွေ မန်နေဂျာများဖြစ်သည့် ဦးခင်မောင်ဝင်း၊ ဒေါ်ကြင်ဈွေး၊ ဦးအောင်သိန်းထွန်း၊ ဒေါ်လှလှမွန် နှင့် ဌာနဆိုင်ရာ မန်နေဂျာများအရာထမ်းများအားလုံး၊



www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ် ထွက်ရှိရေးအတွက် ဆောင်ရွက်ပေးသော မျက်နှာဖုံးဒီဇိုင်း နှင့် အတွင်းအပြင်အဆင်ကိုဓနေဝင်းအောင်နှင့် နှင်းဝေနေဝင်းအဖွဲ့သားများ၊ စွယ်တော်ပုံနှိပ်တိုက် မိသားစုတို့အား အထူးကျေးဇူးတင်ရှိပါသည်။

မြန်မာ့အာမခံလုပ်ငန်း



# မာတိကာ
# CONTENTS


■ စီစဉ်သူ၏စကား ၆

■ မီးနှင့် အင်ဂျင်နီယာအာမခံ ၉

■ ရေကြောင်း၊ လေကြောင်းနှင့် ခရီးသွားအာမခံ ၂၇

■ သူတစ်ပါးထိခိုက်မှုအာမခံ နှင့် အလုံးစုံမော်တော်ယာဉ် အာမခံ ၄၇

■ အသက်အာမခံ ၇၅

■ နယ်ရုံးခွဲများ ၉၆




www.burmeseclassic.com

www.burmeseclassic.com



# စီစဉ်သူမှ စာဖတ်သူသို့

မြန်မာ့အာမခံလုပ်ငန်းကို ၁၉၅၂ တွင် တည်ထောင်ခဲ့ရာ ယခု ဆိုလျှင် အသက် ၅၉နှစ် ထဲဝင်နေပြီ ဖြစ်ပါသည်။ လူတစ်ဦးအတွက် ၅၉နှစ် ဆိုသည်မှာ ပင်စင်ယူရန် တစ်နှစ်သာလိုတော့သည့် အနေအထား ဖြစ်သော်လည်း အဖွဲ့အစည်းတစ်ခုအတွက် (၅၉)နှစ်ဆိုသည်မှာ ပျိုမြစ်နုနယ်စဲ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံတွင် 'အာမခံ'ကို ပြည်သူလူထု သိရှိစိတ်ဝင်စား လာသည်မှာ ဆယ်စုနှစ် နှစ်စုသာသာခန့်သာ ရှိပါသေးသည်။ 'အာမခံ'ဆို သည်ကို ခုံခုံမင်မင် အသုံးချရကောင်းမှန်း သိလာသည်မှာ ထို့ထက်ပင် တိုတောင်းပါသေးသည်။ ၅၉နှစ်သားရှိသော မြန်မာ့အာခံသည် ပျိုမြစ် နုနယ်စဲ ဆိုသော်လည်း ၅၉နှစ်ဆိုသော ကာလကို ဖြတ်သန်းလာခဲ့ရသဖြင့်



အတွေ့အကြုံများစွာ ရင့်ကျက်နေပြီ ဖြစ်ပါသည်။ ၁၉၈၈ တွင် ဝင်ငွေ ကျပ်သန်းပေါင်း ၃၀၀ ကျော်မှာ ၂၀၀၉ တွင် ကျပ်သန်းပေါင်း ၁၀၀၀၀ ကျော် တိုးတက်လာသကဲ့သို့ ၁၉၈၈ တွင် အာမခံအမျိုးအစား(၄)မျိုးသာ လုပ်ကိုင်ရာမှ ယခု ၂၀၀၉တွင် အာမခံအမျိုးအစား ၄၀ ကျော် လုပ် ဆောင်လာနိုင်ခဲ့ပါသည်။ သို့ရာတွင် ဝန်ထမ်းအင်အားမှာမူ ၁၉၈၈ နှင့် ၂၀၀၉ နှိုင်းယှဉ်လျှင် ၂၀၀၉ တွင် အနည်းငယ်မျှပင် လျော့နည်း နေပါသေးသည်။

ဤသို့ လုပ်ဆောင်နိုင်ခဲ့သည်မှာလည်း မြန်မာ့အာမခံဝန်ထမ်း အားလုံး၏ စွမ်းဆောင်ချက်ကြောင့်ပင် ဖြစ်ပါသည်။ ကျွန်တော်တို့ အားလုံးသည် မြန်မာနိုင်ငံတွင် အာမခံပညာပြန့်ပွားရမည်။ 'မြန်မာ နိုင်ငံတွင် အာမခံကို ပြည်သူလူထုက အသုံးချနိုင်ရမည်။ မြန်မာ့အာမခံ သည် ဂုဏ်သရေရှိ အဖွဲ့အစည်း (Respectable Organization) ဖြစ်ရမည်' ဆိုသော သန္နိဋ္ဌာန်များချမှတ်၍ လုပ်ဆောင်ခဲ့ကြခြင်းကြောင့် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း အဆိုပါသန္နိဋ္ဌာန်များကို အကောင်အထည်ဖော်မှု တစ်ရပ်အနေဖြင့် ‘မြန်မာ့အာမခံလုပ်ငန်းအကြောင်းသိကောင်းစရာ’ စာအုပ်ကို ထုတ်ဝေလိုက်ပါပြီ။ ဤစာအုပ်သည် ၅၉နှစ်တွင် ပထမဆုံး အကြိမ်ဖော်သော စာအုပ်ဖြစ်ပါသည်။ မြန်မာ့အာမခံသမိုင်းကြောင်းတွင် တစ်ခါမှမျှ မထုတ်ဝေခဲ့သေးသော စာအုပ်အမျိုးအစား ဖြစ်ပါသည်။ ဤစာအုပ်ကို ပြုစုတည်းဖြတ်ရာ တွင် အသုံးပြုသူ အဆင်ပြေရေး (User Friendly) ဆိုသည်ကို ဦးတည် ထားပါသည်။ သို့အတွက် ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးသည့်ဟန်အစား အကြောင်းအချက် (Fact)များကို ဖော်ပြသည့် ဟန်ဖြင့် ပြုစုထားပါသည်။ ဤစာအုပ်ပါစာမူများကို မြန်မာ့အာမခံ လုပ်ငန်းရှိ ဌာနကြီးများမှ ပြုစုပေးခြင်းဖြစ်၍ စာရေးသူအနေဖြင့် အကြံပေး၊ စီစဉ်၊ စုစည်း၊ တည်းဖြတ် အမှာစာရေးခဲ့ခြင်း ဖြစ်ပါသည်။

ဤစာအုပ်ငယ်သည် အာမခံကို စိတ်ဝင်စားသူများ၊ အာမခံ ထားသူများ၊ အာမခံကိုယ်စားလှယ်များအတွက် အသုံးတည့်သည်ဆိုပါက ကျွန်တော်တို့ အားလုံး ကျေနပ်ဝမ်းသာကြပါမည်။

ဒေါက်တာမောင်မောင်သိမ်း
(စီစဉ်တည်းဖြတ်သူ)






www.burmeseclassic.com

www.burmeseclassic.com

FIRE &
ENGINEERING

မာတိကာ

အခန်း အကြောင်းအရာ

၁။ မီးအာမခံရည်ရွယ်ချက်
၂။ အာမခံထားသူ
၃။ အာမခံထားနိုင်သည့်အကြောင်းအရာ
၄။ အာမခံထားငွေ
၅။ အာမခံသက်တမ်း
၇။ အဆိုလွှာဖြည့်စွက်ခြင်း
၈။ အဆောက်အအုံအသုံးချခြင်း
၉။ အာမခံထားငွေစုစုပေါင်း
၁၀။ ပတ်ဝန်းကျင်အခြေအနေ
၁၁။ လျော်ကြေးအကျုံးဝင်မှုကိစ္စရပ်များ
၁၂။ ဆုံးရှုံးမှုအတွက် လျော်ကြေးပေးချေခြင်း
၁၃။ ကိုယ်အင်္ဂါထိခိုက်မှုနှင့် ရောဂါဘယအာမခံ



INSURANCE

# မီးနှင့်အင်ဂျင်နီယာအာမခံ

## ရည်ရွယ်ချက်

မီးအာမခံ၏ နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ဖက်စပ်လုပ်ငန်းများပိုင် နှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများ၊ စက်ကိရိယာများ၊ ကုန်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ၊ မီး နှင့် အခြားသော အန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးပါက ယင်းဆုံးရှုံးမှုကို ပြန်လည်ထူထောင်ရာတွင် အထောက်အကူပြုရန် ဖြစ်ပါသည်။

## မီးအာမခံထားသူ

မီးအာမခံထားသူဆိုသည်မှာ အာမခံထားသော ပစ္စည်းကို တရားဥပဒေအရ ပိုင်ဆိုင်သူ သို့မဟုတ် ရပိုင်ခွင့် ရှိသူကို ဆိုလိုပါသည်။

## မီးအာမခံထားနိုင်သည့် ပစ္စည်း

မီးအာမခံထားနိုင်သည့်ပစ္စည်းဆိုသည်မှာ ရွှေ့ပြောင်းနိုင်သောပစ္စည်း (ဥပမာ စက်၊ ကုန်စည်၊ ပရိဘောဂ) မရွှေ့ပြောင်းနိုင်သောပစ္စည်း (ဥပမာ အဆောက်အအုံ) များဖြစ်ပါသည်။

အောက်ဖော်ပြပါ တန်ဖိုးသတ်မှတ်ရန် ခက်ခဲသော



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းများနှင့် အလိုအလျောက် မီးလောင်စေတတ်သော ပစ္စည်းများကို ယေဘုယျအားဖြင့် အာမခံလက်ခံခြင်းမပြုပါ။

၁။ ရွှေသတ္တု၊ ငွေသတ္တုနှင့် ကျောက်မျက်ရတနာများ၊

၂။ ကျပ် ၃၀၀/- ထက်တန်ဖိုးရှိသော အနုပညာလက်ရာပစ္စည်းများ

၃။ ရှေးဟောင်းပေမူ၊ စာမူ၊ ပန်းချီ၊ ပုံကြမ်းများ၊ သွန်းပုံများ

၄။ ငွေစုလက်မှတ်၊ ငွေချေးသက်သေခံလက်မှတ်၊ စာချုပ်စာတမ်းများ၊ တံဆိပ်ခေါင်းများ၊ ငွေစက္ကူများ၊ စာရင်းစာအုပ်များ၊ လုပ်ငန်းစာအုပ်များ၊

၅။ ကျောက်မီးသွေး၊

၆။ ပေါက်ကွဲစေတတ်သောပစ္စည်းများ

၇။ ခေတ္တအပ်နှံထားသော ကုန်ပစ္စည်းများ။

## အာမခံထားငွေ

အာမခံထားလိုသူက အာမခံထားရှိရန် အဆိုပြုတင်ပြသည့် ပစ္စည်း၏တန်ဖိုးကို ဆိုလိုပါသည်။ အာမခံထားသည့် တန်ဖိုးသည် အမှန်တကယ်ရှိသည့် ပစ္စည်းတန်ဖိုးထက် လျော့နည်းထားပါက ထိုလျော့နည်းထားသော တန်ဖိုးမှာ အာမခံထားသူ၏ တာဝန်ဖြစ်ပါသည်။



## အာမခံတန်ဖိုး

အာမခံတန်ဖိုးမှာ ရှိသင့်အမှန်တန်ဖိုး ဖြစ်ရပါမည်။ အဆောက်အအုံများအာမခံ လက်ခံရာတွင် အဆောက်အအုံ၏ ကာလတန်ဖိုး၊ အတင်းအကြပ် ရောင်းဈေးတန်ဖိုးတို့ကို စိစစ်ပါသည်။ အဆောက်အအုံ ဆောက်လုပ်သည့် ကုန်ကျတန်ဖိုးကိုသာ အလေးထားစိစစ်ပါသည်။ အဆောက်အအုံတည်ရှိရာ နေရာဒေသအလိုက်ရှိသည့် ဈေးကွက်တန်ဖိုးကို မှတည်၍ မစဉ်းစားပါ။

သို့ပါ၍ အဆောက်အအုံ၏ တစ်ယူနစ်ဧရိယာ ခန့်မှန်းတန်ဖိုး (Per Area Estimation, PAE) တွက်ချက်ပြီး စိစစ်လက်ခံပါသည်။

## အာမခံသက်တမ်း

အာမခံသက်တမ်းကို (၁၀) ရက်မှ (၁)နှစ်သက်တမ်းအထိ ထားရှိနိုင်ပါသည်။

## အဆိုလွှာဖြည့်စွက်ခြင်း

အဆိုလွှာတွင် ဖော်ပြထားသည့်အချက်များမှ အောက်ဖော်ပြပါအချက်များကို အထူးဂရုစိုက်၍ ဖြည့်စွက်ရပါသည်။


www.burmeseclassic.com

www.burmeseclassic.com

(၁) တည်နေရာ

အဆောက်အအုံတည်နေရာကို ပြည့်စုံစွာ ဖော်ပြရပါသည်။ ထို့ပြင် အဆိုလွှာကျောဘက်ရှိ ပုံကြမ်းတွင်လည်း အဆောက်အအုံ၏ တည်နေရာကို သိသာထင်ရှားအောင် ဖြည့်စွက်ပေးရပါသည်။

(၂) အဆောက်အအုံအမျိုးအစား

အဆောက်အအုံကို အတန်းအစား (၄) မျိုးခွဲခြားထားပါသည်။





| အတန်းအစား | အမိုး | အကာ | အခင်း | အထပ် |
|---|---|---|---|---|
| ပထမတန်း | ၁။သွပ်<br>၂။မိုးခံပြား<br>၃။အုတ်ကြွပ် | ကွန်ကရစ်တိုင်<br>အုတ်ကာ | ၁။ကွန်ကရစ်<br>၂။မြေကြီး<br>၃။ပျဉ်ခင်း | (၁)ထပ်<br>(၂)ထပ်<br>စသည်ဖြင့် |
| ဒုတိယတန်း | ၁။သွပ်<br>၂။မိုးခံပြား<br>၃။အုတ်ကြွပ် | ၁။သစ်ကာ<br>၂။သစ်သားတိုင်<br>အုတ်ကာ<br>၃။တိုက်ခံ<br>၄။အထက်ထပ်ရှိ<br>မှာသစ်ကာ<br>မိုးခံပြား | ၁။ကွန်ကရစ်<br>၂။မြေကြီး<br>၃။ပျဉ်ခင်း | (၁)ထပ်<br>(၂)ထပ်<br>စသည်ဖြင့် |
| တတိယတန်း | ၁။သွပ်<br>၂။မိုးခံပြား | ၁။ပျဉ်ကာ<br>၂။ထရံကာ<br>၃။အုတ်ကြွပ် | ၁။ကွန်ကရစ်<br>၂။မြေကြီး<br>၃။ပျဉ်ခင်း | (၁)ထပ်<br>(၂)ထပ်<br>စသည်ဖြင့် |
| စတုတ္ထတန်း | ၁။ဓနိ<br>၂။သက်ကယ်<br>၃။ဝါးကပ်<br>၄။[illegible]<br>၅။အင်ဖက်<br>၆။[illegible] | မည်သည့်အကာမဆို | ၁။ကွန်ကရစ်<br>၂။မြေကြီး<br>၃။ပျဉ်ခင်း | (၁)ထပ်<br>(၂)ထပ်<br>စသည်ဖြင့် |


www.burmeseclassic.com

www.burmeseclassic.com

(၃) <u>အဆောက်အအုံအသုံးချခြင်း</u>

လူနေအိမ်၊ ရုံး၊ ဈေးဆိုင်၊ သိုလှောင်ရုံ၊ စက်ရုံ၊ အလုပ်ရုံ စသည်ဖြင့် ခွဲခြားအသုံးပြုခြင်းကို ဆိုလိုပါသည်။

(၄) <u>အာမခံထားငွေစုစုပေါင်း</u>

အာမခံထားငွေစုစုပေါင်းတွင် အာမခံထားမည့် ပစ္စည်းအမျိုးအစား၏ အာမခံထားငွေကို ခွဲခြားဖော်ပြရပါသည်။ ထို့ပြင် ပရိဘောဂ နှင့် စက်ကိရိယာများအတွက် အသေးစိတ်စာရင်းနှင့် ကုန်ပစ္စည်းအတွက် ပစ္စည်းအမျိုး အစားအလိုက် စာရင်းများ ပူးတွဲပေးရပါမည်။

အာမခံထားလိုသော အဆောက်အအုံများအတွက် အဆိုလွှာ၊ ဓာတ်ပုံ၊ ရာဖြတ်အစီရင်ခံစာနှင့် ပါရှိရမည်။ အဆောက်အအုံ တစ်လုံးထက်ပိုပါက အဆောက်အအုံ အသေးစိတ်စာရင်း ပါရှိရမည်။ တစ်လုံးနှင့် တစ်လုံး အကွာ အဝေးသိသာစေသည့် Layout Plan ပါရှိရမည်။ (Layout Plan မှုရင်းမရပါက ပုံကြမ်းရေးဆွဲရန်နှင့် ပုံတွင် အဆောက်အအုံများ၏ အာမခံတန်ဖိုးများဖော်ပြရပါမည်။

ကုန်ပစ္စည်း၊ စက်ပစ္စည်းနှင့် ပရိဘောဂများအတွက် အဆိုလွှာ၊ ပစ္စည်းစာရင်း၊ တန်ဖိုးအထောက်အထားများ၊ ဓာတ်ပုံများ ပါရှိရမည်။ ပစ္စည်းများကို အဆောက်အအုံ



များအတွင်း တကွဲတပြားထားရှိပါက အဆောက်အအုံ တစ်ခုချင်းအလိုက်၊ အထပ်လိုက်ထားရှိသည့် ပစ္စည်းစာရင်း ပေးရန်၊ ဤလုပ်ငန်း၏ မျက်မြင်စစ်ဆေးချိန်တွင်ရှိသည့် ကုန်ပစ္စည်း လက်ကျန်စာရင်း ပေးပို့ရပါမည်။

## လျော်ကြေးအကျုံးဝင်မှုကိစ္စရပ်များ

သာမန်မီးအာမခံတွင် –

– မတော်တဆလောင်ကျွမ်းသောမီး၊ အခြားမှ ကူးစက် လောင်ကျွမ်းသောမီး၊

– မိုးကြိုးပစ်ခြင်းကြောင့် လောင်ကျွမ်းသောမီး၊

– အိမ်သုံးဓါတ်ငွေ့ ပေါက်ကွဲမှုကြောင့် လောင်ကျွမ်းသောမီး၊

– မီးသတ်ရာတွင် အသုံးပြုသည့် မီးသတ်ဆေး၊ ရေကြောင့် ပစ္စည်းပျက်စီးဆုံးရှုံးခြင်း၊

– မီးလောင်နေသည့် အဆောက်အအုံအတွင်းမှ ပစ္စည်းများ ရွှေ့ပြောင်းစဉ် ပျက်စီးဆုံးရှုံးခြင်း၊

– မီးသတ်ဝန်ထမ်းများက တာဝန်အရ တရားဝင် ဆောင်ရွက်ရာမှ ပျက်စီးဆုံးရှုံးခြင်း၊

– မီးလောင်မှုကြောင့် အမိုး/ကြမ်းခင်း/နံရံများ ပြိုကျရာမှ ပျက်စီးဆုံးရှုံးခြင်း၊

– မီးလောင်နေသည့် အဆောက်အအုံအတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းများ ပြင်ပတွင် စုပုံထားရှိစဉ် မိုးရေကြောင့်၊ ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးခြင်း၊

## ဆုံးရှုံးမှုအတွက် လျော်ကြေးပေးချေခြင်း

၁။ <u>ဆုံးရှုံးမှုသတ်မှတ်ခြင်း</u>

ဆုံးရှုံးမှုတွင် လုံးဝဆုံးရှုံးမှု(Total Loss) နှင့် တစ်စိတ်တစ်ဒေသဆုံးရှုံးမှု(Partial Loss) ဟူ၍ (၂)မျိုးရှိပါသည်။

(က) <u>လုံးဝဆုံးရှုံးမှု</u>(Total Loss)

အာမခံထားသောပစ္စည်းသည် လက်ကျန်တန်ဖိုးမရှိဘဲ လုံးဝ ပျက်စီးဆုံးရှုံးသွားသည့်အခါ တောင်းခံငွေကို အာမခံတန်ဖိုးအပြည့် ပေးလျော်ပါသည်။ သို့ရာတွင် တောင်းခံငွေသည် အာမခံတန်ဖိုးထက်မများစေရပါ။ လက်ကျန်ပစ္စည်း တန်ဖိုးရှိလျှင် (တစ်စိတ်တစ်ဒေသ ဆုံးရှုံးမှုမျိုး မဟုတ်ပါက) အာမခံထားငွေမှ လက်ကျန်ပစ္စည်း တန်ဖိုး နှုတ်၍ ကျန်ငွေကို ပေးလျော်ပါသည်။

(ခ) <u>တစ်စိတ်တစ်ဒေသဆုံးရှုံးမှု</u>

အာမခံထားရာတွင် အာမခံပရီမီယံကြေး ပေးသွင်းမှု သက်သာစေရန်အတွက် အာမခံထားသည့်ပစ္စည်းကို အမှန်ကျသင့်သည့် တန်ဖိုးထက်လျှော့၍ အာမခံထားတတ်ကြပါသည်။ အကယ်၍ ဆုံးရှုံးမှုဖြစ်သည့်အခါ အာမခံတန်ဖိုး





လျှော့ထားသည့်အတွက် ခြားနားငွေတန်ဖိုးများ ရှိလာပါသည်။ အာမခံသဘောတရားအရ ဤခြားနားငွေကို အာမခံထား သူက တာဝန်ယူပြီး ကျန်ငွေကို ဤလုပ်ငန်းမှ တာဝန်ယူသည့်သဘော ဖြစ်ပါသည်။ လျော်ကြေးကိစ္စ ပေါ်ပေါက်ပါက ခြားနားငွေအတွက် ဆုံးရှုံးမှုတန်ဖိုးကို အာမခံထားသူတွင် တာဝန်ရှိပြီး ဤလုပ်ငန်းမှ ကျန်ငွေ အတွက် ပေးလျော်ရမည့် တာဝန်ရှိပါသည်။ သို့ရာတွင် တစ်စိတ်တစ်ဒေသ ဆုံးရှုံးမှု ဖြစ်လျှင်သာ ပျမ်းမျှနှုန်းဖြင့် တွက်ချက်ပေးလျော်ပါသည်။ လုံးဝဆုံးရှုံးမှုတွင် ပျမ်းမျှနှုန်း စနစ်ကို အသုံးပြု၍မရပါ။

<u>ပျမ်းမျှတွက်နည်း</u>

$$\text{တောင်းခံငွေလျော်ကြေး} = \frac{\text{အာမခံထားငွေ} \times \text{ဆုံးရှုံးမှုတန်ဖိုး}}{\text{ဆုံးရှုံးမှုဖြစ်ချိန်အမှန်တန်ဖိုး}}$$

၂။ <u>ဆုံးရှုံးမှုလျော်ကြေးတောင်းခံခြင်း</u>

အာမခံသက်တမ်း တည်မြဲနေစဉ်အတွင်း အာမခံ အကာအကွယ် အကျုံးဝင်သည့် မီးလောင်ဆုံးရှုံးမှုမျိုး ဖြစ်ပါက အာမခံထားသူသည်–

(၁) ချက်ချင်းအကြောင်းကြားရပါမည်။

(၂) ဆုံးရှုံးခြင်းခံရသော ပစ္စည်းစာရင်းနှင့်တန်ဖိုးများကို



www.burmeseclassic.com

www.burmeseclassic.com

ဆုံးရှုံးမှု ဖြစ်သည့်နေ့မှ (၁၅)ရက်အတွင်း (သို့မဟုတ်) အာမခံလုပ်ငန်းက စာဖြင့်ရေးသားပြီး ထပ်မံခွင့်ပြုသော အချိန်အတွင်းတွင် ပေးပို့ရပါမည်။

(၃) လျော်ကြေးငွေကို ဆုံးရှုံးမှုဖြစ်သည့်နေ့မှ (၃)နှစ်အတွင်း စာရွက်စာတမ်း အထောက်အထားအပြည့်အစုံဖြင့် တောင်းခံရပါမည်။

ဆုံးရှုံးမှုတောင်းခံငွေအတွက် အာမခံထားသူက အောက် ဖော်ပြပါလိုအပ်ချက်များကို တောင်းခံလွှာနှင့်အတူ ပူးတွဲတင်ပြရပါမည်။

(၁) ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း မီးသတ်ဦးစီးဌာနနှင့် ပြည်သူ့ရဲတပ်ဖွဲ့တို့၏ ဆုံးရှုံးမှုဖြစ်ပွား သည့်အကြောင်းရင်း ပါရှိသည့် ထောက်ခံချက်၊

(၂) ပရိဘောဂ၊ စက်ပစ္စည်း၊ ကုန်ပစ္စည်းများအတွက် တန်ဖိုးများ ဖော်ပြထားသည့် ဆုံးရှုံးပစ္စည်းစာရင်းနှင့် လက်ကျန်စာရင်း၊

(၃) ပရိဘောဂ၊ စက်ပစ္စည်း၊ ကုန်ပစ္စည်းများအတွက်

(က) မီးမလောင်မီ(၁)ရက် နှင့် မီးလောင်ပြီး (၁)ရက်ရှိ လက်ကျန်ရှင်းတမ်းများ၊



(ခ) နိုင်ငံပိုင်အဖွဲ့အစည်း နှင့် သမဝါယမများအတွက် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုအစီရင်ခံစာ

၃။ <u>ဆုံးရှုံးမှုစစ်ဆေးခြင်း</u>

မီးလောင်မှုဖြစ်ပွားရာဒေသသို့ သွားရောက်ပြီး ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ ဖွဲ့၍ တွေ့ရှိချက်အားလုံးကို မျက်မြင်စစ်ဆေးရပါသည်။ စစ်ဆေးတွေ့ရှိချက်များကို အစီရင်ခံစာတင်ပြရပါသည်။ အစီရင်ခံစာတွင် အောက်ဖော်ပြပါအချက် များ ပါဝင်ရပါသည်။

(၁) အာမခံထားသူအမည် (Name of Insured)
(၂) ပေါ်လစီအမှတ် (Policy No.)
(၃) အာမခံအကာအကွယ် (Risk of Cover)
(၄) အာမခံတန်ဖိုး (Amount Insured)
(၅) အာမခံသက်တမ်း (Period of Cover)
(၆) မီးလောင်သည့်နေ့ (Date of Loss)
(၇) မီးလောင်သည့်အကြောင်းအရင်း (Cause of Fire)
(၈) သွားရောက်စစ်ဆေးသည့်နေရာနှင့်ရက်စွဲ (Place of Survey and Date)



www.burmeseclassic.com

www.burmeseclassic.com



(၉) အာမခံထားသည့်ပစ္စည်းများနှင့်တန်ဖိုးများ
(Description of properties insured and their values)

(၁၀) ဆုံးရှုံးသည့်ပစ္စည်းများနှင့်တန်ဖိုးများ
(List of damaged destroyed properties)

(၁၁) တစ်စိတ်တစ်ဒေသ ဆုံးရှုံးမှုဖြစ်ပါက ဆုံးရှုံးမှု ခန့်မှန်းရာခိုင်နှုန်း

(၁၂) ဆုံးရှုံးပြီးနောက် လက်ကျန်ပစ္စည်းများနှင့် တန်ဖိုးများ
(Salvaged properties and their values)

(၁၃) မီးလောင်ပြီးအခြေအနေမှတ်တမ်းတင်ဓာတ်ပုံများ

၄။ <u>လျော်ကြေးပေးချေခြင်း</u>

လျော်ကြေးပေးချေရာတွင် ငွေသားဖြင့်သာ ပေးလျော်ပါသည်။

မီးလောင်ဆုံးရှုံးမှုများနှင့် စပ်လျဉ်းပြီး တစ်စိတ် တစ်ဒေသ မီးလောင်ဆုံးရှုံးမှုများတွင် ကာလတန်ဖိုးထက် လျော့နည်း၍ အာမခံထားရှိခဲ့မှုများအတွက် ပျမ်းမျှလျော်ကြေးအရ လျော်ကြေးကို တွက်ချက်ပေးလျော်ခြင်းဖြစ်ပြီး ကာလတန်ဖိုး အတိုင်း အာမခံထားရှိခဲ့ပြီး တစ်စိတ်တစ်ဒေသ ပျက်စီးဆုံးရှုံးမှု များတွင်လည်း ပျက်စီးမှု အတိုင်းအတာအရ စစ်ဆေးရေး အဖွဲ့ဖြင့် စီစစ်တွက်ချက်၍





လျော်ကြေးကို ပေးလျော်ခြင်း ဖြစ်ပါသည်။ တစ်စိတ်တစ်ဒေသ မီးလောင်ဆုံးရှုံးမှုများအတွက် အသားတင်ပေးလျော်ရမည့် လျော်ကြေးပေါ်မှ မီးလောင်သည့် နေ့မှ အာမခံသက်တမ်းကုန်ဆုံးသည့်နေ့အထိ ကျန်ရှိသည့်ရက်အတွက် ပေါ်လစီပြန်လည်တည်မြဲစေရေးအတွက် Re-instatement Premium ကိုတွက်ချက်ကောက်ခံပါသည်။

## ကိုယ်အင်္ဂါထိခိုက်မှုနှင့်ရောဂါဘယအာမခံ
## (Personal Accident & Disease Insurance)

### ရည်ရွယ်ချက်

မည်သူမဆို မတော်တဆထိခိုက်မှုကြောင့် သေဆုံးခြင်း၊ ကိုယ်အင်္ဂါဆုံးရှုံးခြင်း၊ မသန်မစွမ်းဖြစ်ခြင်းများ ဖြစ်ပွားပါက ဘဝရပ်တည်မှုကို အထိုက်အလျောက် ဖြည့်စွမ်းပေးသည့် အာမခံလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

### အာမခံထားသူ

အသက်(၁၆)နှစ်မှ (၆၀)နှစ်အတွင်းရှိ ကျန်းမာရေးကောင်းသူတိုင်း အာမခံထားရှိနိုင်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အာမခံထားမည့်ပစ္စည်း

အာမခံထားသူ၏ အသက်၊ ခန္ဓာကိုယ်သည် အာမခံထားမည့်ပစ္စည်း ဖြစ်ပါသည်။

## အာမခံအကာအကွယ်

မတော်တဆထိခိုက်မှုကြောင့် ဒဏ်ရာရခြင်း၊ သေဆုံးခြင်း၊ ယာယီ မသန်မစွမ်းမှုဖြစ်ခြင်း၊ အမြဲတမ်းမသန်မစွမ်းမှုဖြစ်ခြင်းနှင့် ခြေလက်အင်္ဂါဆုံးရှုံးခြင်းများ ဖြစ်ပွားပါက အကျိုးခံစားခွင့်များ ရရှိမည်ဖြစ်ပါသည်။ ရောဂါဘယကြောင့် မျက်စိ(၂)လုံး လုံးဝကွယ်ခြင်း၊ ခြေလက်အင်္ဂါ(၂)ဘက်လုံးဝသေသွားခြင်းများ ဖြစ်ပွားပါကလည်း အကျိုးခံစားခွင့်များ ရရှိမည်ဖြစ်ပါသည်။ အဆိုလွှာတွင် ဖော်ပြထားသော ရောဂါ(၅၅)မျိုးကြောင့် ယာယီမသန်မစွမ်းမှု ဖြစ်ပွားပါက ရက်သတ္တပတ်အလိုက် သတ်မှတ်ထားသော အကျိုးခံစားခွင့်ငွေကို ရရှိမည်ဖြစ်ပါသည်။ သို့ရာတွင် အာမခံသက်တမ်းထက်မပိုစေရပါ။

## အာမခံသက်တမ်း

(၁)လ၊ (၃)လ၊ (၆)လ၊ (၁)နှစ် စသည်ဖြင့် ကာလအပိုင်းခြား ခွဲခြား၍ကြိုက်နှစ်သက်သလို အာမခံထားခွင့်ရှိပါသည်။



## အာမခံထားငွေ

အာမခံထားသူ၏ဆန္ဒအရ အာမခံထားငွေကို အများဆုံးကျပ်သိန်း (၅၀) (သို့) USD/FEC 10000.00 အထိ သတ်မှတ်ထားရှိနိုင်ပါသည်။

## အာမခံကြေးနှုန်းထားများ

အာမခံကြေးနှုန်းထားကောက်ခံရာတွင် အာမခံထားသူ၏ အလုပ်အကိုင်အန္တရာယ် အနည်းအများပေါ်မူတည်၍ အတန်းအစား (၃)မျိုးကို ခွဲခြားသတ်မှတ်ပါသည်။

## အကျိုးခံစားခွင့်

ထိခိုက်ဒဏ်ရာရရှိမှုကြောင့် (သို့) အဆိုလွှာတွင် ဖော်ပြပါ ရောဂါဘယကြောင့် သေဆုံးခြင်း၊ ခြေလက်အင်္ဂါအစိတ်အပိုင်းဆုံးရှုံးခြင်း၊ အမြဲတမ်း(သို့) ယာယီ လုံးဝမသန်မစွမ်းဖြစ်ခြင်း၊ ယာယီလုံးဝ(သို့) တစ်စိတ်တစ်ဒေသ မသန်မစွမ်းဖြစ်ခြင်းတို့အတွက် သတ်မှတ်ထားသည့် အတိုင်း အကျိုးခံစားခွင့်ရှိသည်။

## ချွင်းချက်များ

(က) အောက်ဖော်ပြပါကိစ္စရပ်များကြောင့် ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများဖြစ်ပေါ်ပါက အကျိုးခံစားခွင့်



www.burmeseclassic.com

www.burmeseclassic.com



မရရှိနိုင်ဟု သတ်မှတ် ထားပါသည်။

(၁) ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို ဒဏ်ရာအနာတရ ဖြစ်စေခြင်း နှင့် သေဆုံးခြင်း၊

(၂) မူးယစ်စေတတ်သော အရက်သေစာနှင့် ဆေးဝါးများ သုံးစွဲစဉ် မတော်တဆ ထိခိုက်ဒဏ်ရာရခြင်းနှင့်သေဆုံးခြင်း၊

(၃) ရူးသွပ်ခြင်း၊

(၄) စစ်(သို့)စစ်အသွင်ကဲ့သို့ ဖြစ်ပွားသောကိစ္စများ၊ သောင်းကျန်းသူများကြောင့် ဒဏ်ရာရခြင်း၊ သေဆုံးခြင်း၊


(၅) ပြစ်မှုကျူးလွန်ရာမှ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်း၊

(ခ) အကျိုးခံစားခွင့်တောင်းခံမှုစည်းကမ်း


(၁) သေဆုံးမှု၊ အကျိုးခံစားခွင့်နှင့် ထိခိုက်ဒဏ်ရာရမှု အကျိုးခံစား ခွင့်ဖြစ်ပွားသည့်နေ့မှ တစ်လအတွင်း တောင်းခံရပါမည်။

■ ■ ■ ■ ■







www.burmeseclassic.com



ရေကြောင်းအာမခံ　　လေကြောင်းအာမခံ　　ခရီးသွားအာမခံ





www.burmeseclassic.com

MARINE INSURANCE

## ရေကြောင်းအာမခံ

ရေကြောင်းအာမခံတွင်

- ရေကြောင်းပို့ကုန်ပစ္စည်းအာမခံ
  (Marine Cargo Insurance)
- ရေကြောင်းကိုယ်ထည်အာမခံ
  (Marine Hull Insurance)

ဟူ၍ (၂) မျိုးရှိပါသည်။

### ရေကြောင်းပို့ကုန်ပစ္စည်းအာမခံ

ရေလမ်း၊ ကုန်းလမ်း၊ လေကြောင်းလမ်းတွင် မည်သည့်ယာဉ်ဖြင့် သယ်ဆောင်သည်ဖြစ်စေ တစ်နေရာမှ တစ်နေရာသို့ သယ်ဆောင်သည့် ပစ္စည်းများအတွက် ခရီးတစ်ခေါက်ချင်းလိုက် အာမခံထားရှိနိုင်ပါသည်။ လမ်းခရီးတွင် တွေ့ကြုံရသော အန္တရာယ်တစ်ခုခုကြောင့် ဆုံးရှုံးမှုများ ပေါ်ပေါက်ပါက လျော်ကြေးရရှိနိုင်မည်ဖြစ်ပြီး အောက်ပါအကာအကွယ် (၂) မျိုးဖြင့် လက်ခံဆောင်ရွက်ပေးပါသည်။

(၁) လုံးဝနစ်မြုပ်ဆုံးရှုံးမှုအကာအကွယ်
(Total Loss Only)

(၂) အလုံးစုံအန္တရာယ်အကာအကွယ် (All Risks)



www.burmeseclassic.com

www.burmeseclassic.com

ပြည်တွင်းတစ်နေရာမှ တစ်နေရာသို့ သယ်ပို့သော ကုန်ပစ္စည်းများအတွက် သာမန်အားဖြင့် လုံးဝနစ်မြုပ်ဆုံးရှုံးမှု အကာအကွယ်ဖြင့်လက်ခံပြီး ပရီမီယံနှုန်းကို မြစ်တွင်း/ကမ်းရိုး တန်းဟူ၍ ခွဲခြားထားရှိပါသည်။

## အာမခံထားခွင့်ရှိသူ

ရေယာဉ်ကုန်ပစ္စည်းပိုင်ရှင် ကိုယ်တိုင် (သို့မဟုတ်) ရေယာဉ်ကုန် ပစ္စည်းပိုင်ရှင်၏ကိုယ်စား မည်သူမဆို အာမခံထားနိုင်ပါသည်။

## အာမခံတန်ဖိုး

ဈေးကွက်ပေါက်ဈေး၊ အမှန်တန်ဖိုး

## အာမခံထားရာတွင်လိုအပ်သောအထောက်အထားများ

- အဆိုပြုလွှာ
- သယ်ဆောင်မည့်ရေယာဉ်လိုင်စင်မိတ္တူ
- သယ်ဆောင်မည့်ရေယာဉ်၏ ကုန်စည်သယ်ဆောင်ခွင့်လိုင်စင်မိတ္တူ (က)လိုင်စင်
- ကုန်ပစ္စည်း (၁) ခုထက်ပိုပါက ကုန်ပစ္စည်းစာရင်း





## အဆိုပြုလွှာတွင်ဖော်ပြရန်လိုအပ်သောအချက်အလက်များ

- အာမခံထားသည့်တန်ဖိုး (ကုန်ပစ္စည်းတန်ဖိုး၏ ၁၀%ကို ကုန်ပစ္စည်းတန်ဖိုးတွင် ထည့်ပေါင်းပြီး အာမခံထားနိုင်ပါသည်)
- သယ်ဆောင်မည့်ရေယာဉ်အမည်
- သယ်ဆောင်မည့်နေရာ
- ရေယာဉ်ထွက်ခွာရက် (ခန့်မှန်း)
- အာမခံထားမည့်ကုန်ပစ္စည်းအမျိုးအမည်၊ အလေးချိန်၊အရေအတွက်
- အပိုအကာအကွယ်များ ယူလိုခြင်း ရှိ/မရှိ
- အာမခံထားသူလက်မှတ်/အမည်/လိပ်စာ

## ရေကြောင်းကိုယ်ထည်အာမခံ

မြစ်တွင်း၊ ကမ်းရိုးတန်း၊ ပင်လယ် မည်သည့် ရေပိုင်နက်တွင်မဆို သွားလာသောရေယာဉ်များ (သံထည်/သစ်သားထည်/ဖိုင်ဘာ) အားလုံး လက်ခံပါသည်။ ရေယာဉ်များအပြင် ဆိပ်ခံသော၊ တံတားခံသောများလည်း အာမခံထားနိုင်ပါသည်။ အောက်ပါအကာအကွယ် (၂) မျိုးဖြင့် လက်ခံပေးပါသည်။

(က) လုံးဝနစ်မြုပ်ဆုံးရှုံးမှုအကာအကွယ် (Total Loss Only)



www.burmeseclassic.com

www.burmeseclassic.com

(ခ) အလုံးစုံအန္တရာယ်အကာအကွယ် (All Risks)

ပရီမီယံနှုန်းထားကို ရေယာဉ်၏အခြေအနေ (သက်တမ်း၊ အသုံးပြု မည့်ရေနယ်နိမိတ်၊ ရေယာဉ်အမျိုးအစား၊ အသုံး ပြုပုံ၊ အရွယ်)ပေါ်တွင် မူတည်သတ်မှတ်ပါသည်။ ပုံသေ ပရီမီယံနှုန်းထားမရှိပါ။

**အာမခံထားခွင့်ရှိသူ**

ရေယာဉ်ပိုင်ရှင်ကိုယ်တိုင် (သို့မဟုတ်) ၄င်း၏ကိုယ်စားလှယ်

**အာမခံတန်ဖိုး**

ဈေးကွက်ပေါက်ဈေး/ ရာဖြတ်တန်ဖိုး၏တစ်ဝက်၊ အမြင့်ဆုံး ကျပ်သိန်း ၁၀၀၀

**အာမခံထားရာတွင်လိုအပ်သောအထောက်အထားများ**

- အဆိုပြုလွှာ
- ရေယာဉ်လိုင်စင်မိတ္တူ
- ရေယာဉ်မှူး၏ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်
- ရေယာဉ်မှူး၏အောင်လက်မှတ်
- ရေယာဉ်၏ ရှေ့/နောက်/ဝဲ/ယာနှင့် အင်ဂျင်ခန်း ဓာတ်ပုံ(၅)ပုံ



**အဆိုပြုလွှာတွင်ဖော်ပြရန်လိုအပ်သောအချက်အလက်များ**

- အာမခံထားသူအမည်၊ နေရပ်လိပ်စာ
- ရေယာဉ်အမည်၊ ရေယာဉ်အမျိုးအစား၊ မှတ်ပုံတင်ချိန်၊ အရွယ်အစား
- တည်ဆောက်သူအမည်၊ တည်ဆောက်ထားသည့် ပစ္စည်း
- တည်ဆောက်သည့်နှစ်၊ ဝယ်ယူသည့်နှစ်၊ ဝယ်ရင်းဈေး
- လက်ရှိခန့်မှန်းတန်ဖိုး၊ အာမခံထားလိုသောတန်ဖိုး
- ရေယာဉ်စက်ကိရိယာအချက်အလက်များ
- ရေယာဉ်အသုံးပြုခြင်းဆိုင်ရာအချက်အလက်များ
- ရေယာဉ်မှူး/သင်္ဘောသားများနှင့် သက်ဆိုင်သည့် အချက်အလက်များ
- ထားလိုသည့်အကာအကွယ်၊ သက်တမ်း
- အာမခံထားသူလက်မှတ်

**အာမခံသက်တမ်း**

- ခရီးတစ်ခေါက်အာမခံ
- တစ်နှစ်၊ ခြောက်လ


www.burmeseclassic.com

www.burmeseclassic.com

# AVIATION INSURANCE လေကြောင်းအာမခံ

## ၁။ လေကြောင်းအာမခံ

လေကြောင်းအာမခံသည် တန်ဖိုးကြီးမားသည့် လေယာဉ်များ မတော်တဆ ထိခိုက်ပျက်စီးဆုံးရှုံးပါက ပျက်စီးမှုအစားထိုးနိုင်ရန်အတွက် လည်းကောင်း၊ လေယာဉ်များဖြင့် ခရီးသွားလာကြသော ခရီးသည်များ၊ လေယာဉ် ဝန်ထမ်းများ၊ ထိခိုက်ဒဏ်ရာရရှိမှု/ သေဆုံးမှု၊ ခရီးသည်ပိုင် လက်ဆွဲတန်ဆာများ၊ လေယာဉ်ဖြင့် တင်ပို့သည့် ကုန်ပစ္စည်းများ၊ လေယာဉ်ချောစာများ၊ လေယာဉ်၏ ပယောဂကြောင့် သူတစ်ပါး (သို့မဟုတ်) သူတစ်ပါး ပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုအတွက် ပေးလျော်ရန် တာဝန် အားလည်းကောင်း အကာအကွယ်ပေးသော အာမခံ အမျိုးအစား ဖြစ်ပါသည်။

## ၂။ အာမခံထားသူများနှင့်အာမခံထားသည့် လေယာဉ်များ

မြန်မာနိုင်ငံတွင် တပ်မတော်ပိုင်လေယာဉ်များမှအပ နိုင်ငံပိုင်မြန်မာ့လေကြောင်းနှင့် ပုဂ္ဂလိကပိုင် လေကြောင်း လိုင်းများမှ ၄င်းတို့ဝယ်ယူ/ ငှားရမ်းအသုံးပြုသော လေယာဉ်များအား အာမခံထားရှိရာတွင် ဤလုပ်ငန်း မှတဆင့် အာမခံပွဲစား/ ကုမ္ပဏီများနှင့်ဆက်သွယ်ပြီး



တစ်ဆင့် အာမခံထားရှိဆောင်ရွက်ပေးလျက်ရှိရာ မြန်မာ့ လေကြောင်းမှ Fokker လေယာဉ် (၅) စီးနှင့် ATR လေယာဉ် (၂)စီး၊ MAI မှ Airbus (၁)စီး၊ Yangon Airways မှ ATR (၂)စီး၊ Air Mandalay မှ (၂)စီး၊ Air Bagan မှ Fokker (၂)စီးနှင့် ATR (၃)စီးအား Hull & Liability အကာအကွယ်များ ဝယ်ယူထားရှိပါသည်။

## ၃ ။ အာမခံထားမည့် လေယာဉ်တန်ဖိုး

လေကြောင်းလိုင်းများမှ ၄င်းတို့ထားရှိလိုသည့် လေယာဉ် တန်ဖိုးကို သတ်မှတ်နိုင်ပါသည်။

## ၄ ။ အာမခံထားငွေ

အာမခံထားငွေကို နိုင်ငံခြားငွေဖြင့် ထားရှိခြင်း ဖြစ်ပါသည်။

## ၅ ။ အာမခံအကာအကွယ်များ

### (က) လေယာဉ်ကိုယ်ထည် (Hull)

လေယာဉ်ပျံသန်းနေစဉ် (Flying)၊ ပြေးလမ်းပေါ်တွင် မောင်းနှင်နေစဉ် (Taxying)၊ လေယာဉ်မြေပြင်ရပ်နားစဉ် (Ground Operation)၊ လေယာဉ်ဂိုဒေါင် အတွင်းရှိနေစဉ် (Grounded in Hanger) အာမခံအကာအကွယ် ရရှိ



www.burmeseclassic.com

www.burmeseclassic.com

နိုင်ပါသည်။

(ခ) လေယာဉ်စီးခရီးသည်များ ကိုယ်အင်္ဂါထိခိုက်သေဆုံးမှု ပေးလျော် ရေးတာဝန် (Automatic Personal Accident)

(ဂ) လေယာဉ်ခရီးသည် လက်ဆွဲတန်ဆာပျောက်ဆုံးမှု ပေးလျော်ရေး တာဝန် (Baggage Legal Liability)

(ဃ) လေကြောင်းပို့ကုန်ပစ္စည်းများ ပျောက်ဆုံးမှု ပေးလျော် ရေးတာဝန် (Freight Legal Liability)

(င) လေယာဉ်ချောစာထုတ်များ ပျောက်ဆုံးမှု ပေးလျော် ရေးတာဝန် (Airmail Liability)

(စ) လေယာဉ်ဝန်ထမ်းများ အသက်နှင့်ထိခိုက်မှု ပေးလျော် ရေးတာဝန် (Crew Personal Accident Insurance)

(ဆ) သူတစ်ပါးထိခိုက်နစ်နာမှုအတွက် ပေးလျော်ရေး တာဝန် (Third Party Legal Liability)

(ဇ) စစ်မက်ဘေးအန္တရာယ်အကာအကွယ်တာဝန် (War, Hijacking Risks)

(ဈ) နုတ်ဖြတ်ငွေအာမခံ (Deductible Insurance)



## ၆ ။ အာမခံထားရှိခြင်းကိစ္စ

လေကြောင်းလိုင်းများမှ လေယာဉ်များ အာမခံထား ရှိခြင်းအတွက် အာမခံသက်တမ်းမစမီ အာမခံထားရှိမည့် လေယာဉ်တစ်စီးချင်း၏ တန်ဖိုးများ၊ ယူလိုသည့် အကာ အကွယ်များ စသည်တို့ကို အသေးစိတ် စာရင်းများ ပြုစု ပေးပို့ရန် လိုအပ်ပါသည်။ (သီးခြားသတ်မှတ်ထားသည့် အဆို လွှာမရှိပါ။)

## ၇ ။ အာမခံသက်တမ်း

အာမခံသက်တမ်းမှာ (၁)နှစ်ဖြစ်ပြီး အသုံးပြုမည့် ကာလအလိုက် သက်တမ်းသတ်မှတ်ထားရှိကြပါသည်။

## ၈ ။ လျော်ကြေးကိစ္စများ

### (က) ဆုံးရှုံးမှုလျော်ကြေးကိစ္စဆောင်ရွက်ခြင်း

အာမခံထားသည့်လေယာဉ် မတော်တဆထိခိုက် ပျက်စီးမှု ဖြစ်ပေါ်သည့်အခါ ဤလုပ်ငန်းသို့ ချက်ချင်း အကြောင်းကြား ရမည်ဖြစ်ပြီး၊ ဤလုပ်ငန်းမှတဆင့် အာမခံ ပွဲစားများထံသို့ ဆက်လက်အကြောင်းကြား ရပါသည်။ လေယာဉ်ကိုယ်ထည် ပျက်စီးမှုအတွက် တဆင့် အာမခံ ကုမ္ပဏီများမှ ခန့်အပ်ထားသော စစ်ဆေးရေးအဖွဲ့မှ ခိုင်



www.burmeseclassic.com

www.burmeseclassic.com

သည်များ သေဆုံး/ ဒဏ်ရာ ရခြင်းအတွက် Aviation Solicitor မှ ပျက်စီးမှုဖြစ်ပွားရာ နေရာသို့ သွားရောက်စစ်ဆေးရပါသည်။

### (ခ) လျော်ကြေးငွေထုတ်ပေးခြင်း

လေယာဉ်ကိုယ်ထည်အတွက် စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်များ ရယူပြီး လေကြောင်းလိုင်းမှ လျော်ကြေးတောင်းခံလွှာဖြင့် တောင်းခံသည့်အခါ တဆင့်အာမခံပွဲစား/ကုမ္ပဏီထံမှ အတည်ပြုချက်ရယူပြီး Release & Discharge ပုံစံများပေါ်တွင် လေကြောင်းလိုင်းမှ လက်မှတ်ရေးထိုး၊ ရုံးတံဆိပ်ရိုက်နှိပ်၍ ဤလုပ်ငန်းမှ ထပ်ဆင့်ရေးထိုးပြီး လျော်ကြေးငွေထုတ်ပေးနိုင်ရန် ဆက်လက်ဆောင်ရွက်ပါသည်။

လေယာဉ်ဝန်ထမ်းများ/ခရီးသည်များသေဆုံးခြင်းအတွက်

(၁) လျော်ကြေးတောင်းခံလွှာ

(၂) Release & Discharge (အင်္ဂလိပ်/မြန်မာ)

(သေဆုံးသူ၏ တရားဝင်အမွေဆက်ခံခွင့်ရှိသူမှ လက်မှတ် ရေးထိုး၍ မြို့နယ်/ခရိုင်/ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ လေကြောင်းလိုင်းတို့မှ လက်မှတ်ရေးထိုး၊ ရုံးတံဆိပ်ရိုက်နှိပ်ရန်)

(၃) သေစာရင်းမိတ္တူ





(၄) လေယာဉ်လက်မှတ်မိတ္တူ

(၅) ခရီးသည်စာရင်း

(၆) ကျမ်းကျိန်လွှာ

(၇) တရားဝင်အမွေဆက်ခံခွင့်ရှိသူ၏ မှတ်ပုံတင်မိတ္တူ

ဒဏ်ရာရရှိခြင်းအတွက် လျော်ကြေးတောင်းခံလွှာနှင့်အတူ ဆရာဝန် ၏ဆေးအဆင့်ရာခိုင်နှုန်းသတ်မှတ်ချက်၊ ဆေးကုသမှုကုန်ကျစရိတ် ပြေစာနှင့် Release & Discharge ပုံစံများ တင်ပြရမည်ဖြစ်ပါသည်။

## ခရီးသွားအာမခံအကြောင်း သိကောင်းစရာ

### ၁။ ခရီးသွားအာမခံ (Travelling Insurance)

ခရီးသွားနေစဉ်ကာလအတွင်း အကာအကွယ် ရရှိစေရန် ဝယ်ယူနိုင်သည့် အာမခံအမျိုးအစားဖြစ်ပါသည်။ ပြည်တွင်း၊ ပြည်ပခရီးစဉ်များ အတွက် ထားရှိနိုင်ပါသည်။ နိုင်ငံတော်ဝင်ငွေ တိုးတက်ပြီး ခရီးသွားပြည်သူများ ခရီးစဉ်တွင် ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများနှင့် ရင်ဆိုင်ကြုံတွေ့ ရသည့်အခါ အားကိုးရမဲ့မဖြစ်စေဘဲ ငွေကြေးအားဖြင့် အထောက်အပံ့ ရရှိစေရန်ဖြစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

## ၂။ ခရီးသွားအာမခံအမျိုးအစားများ

ခရီးသွားအာမခံအမျိုးအစားများမှာ–

(က) အဝေးပြေးယာဉ်လိုင်းစီး ခရီးသည်များ အတွက် ခရီးသွားအာမခံ

(ခ) လေယာဉ်စီးခရီးသည်များအတွက် ခရီးသွား အာမခံ

(ဂ) ခရီးထွက်ခွာခွင့် နှင့်ရုံးအမိန့်အရ ပြည်ပခရီး သွားသောအရာထမ်း၊ ဝန်ထမ်းများအတွက် ခရီးသွားအာမခံ

(ဃ) ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများအစီအစဉ်ဖြင့် ခရီးသွားသော ခရီးသည်များအတွက် ခရီးသွား အာမခံ

(င) ဘုရားဖူးယာဉ်စီးခရီးသည်များအတွက် ခရီးသွား အာမခံ

(စ) ကမ္ဘာလှည့်ခရီးသည်များအတွက် ခရီးသွားအာမခံ

(ဆ) ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းလုပ်ကိုင်သူများ စိုက်ထုတ်ကုန်ကျ ငွေအာမခံ

(ဇ) ခရီးသွားနှင့် ကျန်းမာရေးအာမခံ တို့ဖြစ်ပါသည်။

## ၃။ အာမခံထားခွင့်ရှိသူ

ရုံးအမိန့်အရ ပြည်ပခရီးသွားအာမခံ၊ ခရီးသွားနှင့်



ကျန်းမာရေး အာမခံတို့မှအပ ကျန်ခရီးသွားအာမခံများကို ယာဉ်စီးခပေး၍ စီးနင်းလိုက်ပါသူ မည်သူမဆို ထားရှိနိုင် ပါသည်။

## ၄။ အာမခံတန်ဖိုး

(က) အဝေးပြေးယာဉ်လိုင်းစီးခရီးသွားအာမခံ (ကျပ် ၁ သိန်းမှ ကျပ် ၁၀ သိန်း)

(ခ) လေယာဉ်စီးခရီးသွားအာမခံ (ကျပ် ၅၀ သိန်း)

(ဂ) ရုံးမိန့်အရ ပြည်ပခရီးသွားအာမခံ (ကျပ် ၁.၅ သိန်းမှ ၅ သိန်း)

(ဃ) ခရီးသွားကုမ္ပဏီအစီအစဉ်ဖြင့်ခရီးသွားအာမခံ (ကျပ် ၅ သိန်းမှ ၅၀ သိန်း)

(င) ဘုရားဖူးယာဉ်စီးခရီးသွားအာမခံ (ကျပ် ၅ သိန်းမှ ၁၀ သိန်း)

(စ) ကမ္ဘာလှည့်ခရီးသွားအာမခံ (ကျပ် ၅ သိန်းမှ ၁၀၀ သိန်း)

(ဆ) ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းလုပ်ကိုင်သူများ စိုက်ထုတ်ကုန်ကျ ငွေအာမခံ (ကျပ် ၁ သိန်းမှ ၅ သိန်း)

(ဇ) ခရီးသွားနှင့် ကျန်းမာရေးအာမခံ (ကျပ် ၅၀ သိန်း)



www.burmeseclassic.com

www.burmeseclassic.com



## ၅။ အာမခံထားခြင်းဖြင့် ရနိုင်မည့်အကျိုးကျေးဇူးများ

ခရီးသွားအာမခံထားရှိခြင်းအားဖြင့် နိုင်ငံတော်အတွက် ဝင်ငွေ တိုးတက်ရရှိစေသည့်အပြင် အာမခံထားသူ ခရီးသွားပြည်သူများအနေဖြင့်လည်း မတော်တဆမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရပါက ကျန်ရစ်သူများအတွက် အားကိုးရာမဲ့ မဖြစ်စေဘဲ ငွေကြေးအထောက်အပံ့ ရရှိစေခြင်း၊ ဒဏ်ရာရရှိလျှင်လည်း နစ်နာကြေးငွေ သတ်မှတ်နှုန်းထားများအတိုင်း အချိုးကျရရှိစေသည့်အတွက် ဆေးကုသစရိတ်များ အထိုက်အလျောက် ကာမိစေခြင်း၊ မိမိတွင် အန္တရာယ်မကြုံတွေ့ရသော်လည်း အခြားကြုံတွေ့ရသူ ခရီးသည်များအား ကူညီထောက်ပံ့ရာရောက်ခြင်း၊ အတ္တ၊ ပရ အကျိုးကျေးဇူး (၂)မျိုးလုံးကို ရရှိစေပါသည်။

## ၆။ အာမခံထားရှိခြင်းကိစ္စ

အဝေးပြေးယာဉ်လိုင်းစီးခရီးသွားအာမခံအား မိမိ ခရီးသွားမည့် ကားဂိတ်များတွင် ဝယ်ယူရရှိနိုင်ပါသည်။ ဘုရားဖူးယာဉ်စီးခရီးသည်များ အနေဖြင့် မိမိသွားမည့် ဘုရားဖူးယာဉ်လိုင်း (သို့မဟုတ်) မြန်မာ့အာမခံ လုပ်ငန်းတွင်လည်းကောင်း၊ ကျန်ခရီးသွားအာမခံလုပ်ငန်းများကို မြန်မာ့အာမခံလုပ်ငန်းတွင်လည်းကောင်း ဝယ်ယူရရှိနိုင်ပါသည်။ အဝေးပြေး ခရီးစဉ်နှင့် ဘုရားဖူးခရီးစဉ်မှအပ ကျန်ခရီးသွားအာမခံများအတွက် ခရီးသွားအာမခံ အဆိုလွှာကို ဖြည့်စွက်ရန်ဖြစ်ပါသည်။



## ၇။ အာမခံသက်တမ်း

အဆိုလွှာတွင်ဖော်ပြထားသော ခရီးစဉ်အစမှ အဆုံးအထိဖြစ်ပြီး အဝေးပြေးယာဉ်လိုင်းစီး ခရီးသည်များ အတွက်မူ ယာဉ်လိုင်းမှ သတ်မှတ်ထားသည့် ခရီးစဉ်အစမှ အဆုံးထိဖြစ်ပါသည်။ ဘုရားဖူးခရီးသည်များ အတွက်မူ စတင်ထွက်ခွာရာမြို့သို့ ပြန်ရောက်သည်အထိ ဖြစ်ပါသည်။

## ၈။ လျော်ကြေးကိစ္စများ

သေဆုံးလျှင် ဖြစ်ပွားသည့်နေ့မှ (၁) နှစ်အတွင်း၊ ဒဏ်ရာရလျှင် ဖြစ်ပွားသည့်နေ့မှ (၂)နှစ်အတွင်း တောင်းခံရမည်။

တောင်းခံရာတွင် ပြည့်စုံစွာ ဖြည့်စွက်တောင်းခံထားသည့် ခရီးသွားလျော်ကြေး ပုံစံ–၁ နှင့်အတူ အောက်ပါ အထောက်အထားများ ပါဝင်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

**(၁) အထောက်အထားများ**

(က) သက်ဆိုင်ရာဆေးရုံ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ထောက်ခံချက် (လျှောက်ကြေး ပုံစံ–၂)

(ခ) ဖြစ်ပွားရာဒေသမှ ရဲတပ်ဖွဲ့ထောက်ခံချက် (လျှောက်ကြေး ပုံစံ–၃)

(ဂ) တောင်းခံသူ၏ မှတ်ပုံတင်မိတ္တူမှန်

(ဃ) ခရီးသွားအာမခံထားရှိကြောင်း အထောက်အထားများ

**(၂) သေဆုံးခဲ့လျှင်**

အထက်ပါအချက်များအပြင်–

(၁) သေစာရင်းမိတ္တူမှန်၊

(၂) သေဆုံးသူနှင့် ထောက်ခံသူတို့ပါဝင်သည့် အိမ်ထောင်စု စာရင်းမိတ္တူမှန်၊

(၃) တောင်းခံသူသည် သေဆုံးသူ၏ အကျိုးခံစားခွင့်ရှိသူ မှန်ကန်ကြောင်း နေထိုင်ရာအရပ်မှ ဒေသအာဏာပိုင် အဖွဲ့အစည်းထောက်ခံချက်၊

အကျိုးခံစားခွင့်ရှိသူအမည်အား သီးခြားဖော်ပြ ထားခြင်းမရှိလျှင် သူတစ်ပါးထိခိုက်မှုအာမခံ သေဆုံးမှု လုပ်ထုံးလုပ်နည်းများအတိုင်း အကျိုးခံစားခွင့်ရှိသူမှ တောင်းခံရမည်။



**(၃) လျော်ကြေးအကျုံးမဝင်သောအချက်များ**

ခရီးစဉ် အစမှအဆုံးထိ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးခြင်းများ၊ အကျုံးဝင်သော်လည်း–

(က) ရူးသွပ်ခြင်း၊

(ခ) မိမိကိုယ်မိမိသတ်သေခြင်း၊

(ဂ) ရှိပြီးကိုယ်အင်္ဂါချို့တဲ့မှုကြောင့်ဖြစ်ခြင်း၊

(ဃ) တမင်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) ကိုယ်ဝန်ပျက်ခြင်း၊ သားလျှောခြင်း၊

(စ) မူးယစ်ဆေးဝါးသုံးစွဲခြင်း၊

(ဆ) မိမိကိုယ်တိုင် ပြစ်မှုကျူးလွန်ခြင်းများ အကျုံးမဝင်ပါ။

**(၄) နစ်နာကြေးနှုန်းထားများ**

(က) သေဆုံးခြင်း – အာမခံတန်ဖိုး

(ခ) မျက်စိနှစ်ဖက်လုံး – အာမခံတန်ဖိုး၏ ၈၀%လုံးဝကွယ်ခြင်း

(ဂ) မျက်စိတစ်ဖက်သာကွယ်ခြင်း–အာမခံတန်ဖိုး၏ ၄၀%



www.burmeseclassic.com

www.burmeseclassic.com

(ဃ) လက်မောင်းရင်းမှ လက်ကောက်ဝတ် (သို့မဟုတ်) ပေါင်ရင်းမှခြေကျင်းဝတ်အထိ လက်နှစ်ဖက် (သို့မဟုတ်) ခြေနှစ်ဖက် လုံးဝ ပြတ်ခြင်း – အာမခံတန်ဖိုး၏ ၈၀%


(င) အထက်ပါအတိုင်း လက်တစ်ဖက် (သို့မဟုတ်) ခြေတစ်ဖက်လုံးဝပြတ်ခြင်း – အာမခံ တန်ဖိုး၏ ၄၀%

ထာဝစဉ်မသန်မစွမ်းဖြစ်ခြင်းနှင့် ကျန်ဒဏ်ရာများ အတွက် ဆရာဝန် ထောက်ခံချက်အရ သတ်မှတ်ထားသည့် နစ်နာကြေးနှုန်းထားများ အတိုင်း ပေးလျော်ပါမည်။

## လျော်ကြေးငွေထုတ်ပေးခြင်း

မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) နှင့် နယ်ရုံးခွဲ အသီးသီးတို့တွင် ချက် (သို့မဟုတ်) ဘဏ်လွှဲတို့ဖြင့် ကာယကံရှင်များသို့ တိုက်ရိုက်ပေးချေ လျက်ရှိပါသည်။








www.burmeseclassic.com

www.burmeseclassic.com

မာတိကာ


| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | အလုံးစုံမော်တော်ယာဉ်အာမခံ |
| ၂။ | အာမခံထားနိုင်သည့်ယာဉ်အမျိုးအစားများ |
| ၃။ | အာမခံထားခွင့်ရှိသူ |
| ၄။ | အာမခံထားမည့် ယာဉ်တန်ဖိုး |
| ၅။ | အာမခံထားငွေ |
| ၆။ | အာမခံထားခြင်းဖြင့် ရနိုင်မည့် အကျိုးကျေးဇူးများ |
| ၇။ | အာမခံထားရှိခြင်းကိစ္စ |
| ၈။ | အာမခံသက်တမ်း |
| ၉။ | ရပ်နားထားသည့်ယာဉ် |
| ၁၀။ | အာမခံသက်တမ်းဆက်ခြင်း |
| ၁၁။ | သက်တမ်းဆက်သည့်အခါ ရနိုင်သည့် အခွင့်အရေးများ |
| ၁၂။ | ယာဉ်ရောင်းချအစားထိုးခြင်း |
| ၁၃။ | ပိုင်ရှင်အမည်ပြောင်းလဲခြင်း |
| ၁၄။ | ယာဉ်တန်ဖိုးပြင်ဆင်ခြင်း |
| ၁၅။ | လျော်ကြေးကိစ္စများ |
| ၁၆။ | ဆုံးရှုံးမှုလျော်ကြေးကိစ္စဆောင်ရွက်ခြင်း |
| ၁၇။ | လျော်ကြေးငွေထုတ်ပေးခြင်း |
| ၁၈။ | ယာဉ်မောင်း |






## ၁။ အလုံးစုံမော်တော်ယာဉ်အာမခံ

မော်တော်ယာဉ်ထိခိုက်မှုကြောင့် ဖြစ်ပေါ်တတ်သည့် လူမှုရေး၊ စီးပွားရေးနစ်နာဆုံးရှုံးမှုများကို ငွေကြေး အထောက်အပံ့ပေးသည့် အာမခံအမျိုးအစားဖြစ်ပါသည်။ အောက်ဖော်ပြပါဖြစ်ရပ်များကြောင့် ပြည်သူများ ကြုံတွေ့ရသော လူမှုရေး၊ စီးပွားရေးနစ်နာဆုံးရှုံးမှုများ အတွက် လျော်ကြေး/နစ်နာကြေး ရနိုင်ပါသည်။

- ယာဉ်အချင်းချင်းတိုက်မိခြင်း၊ တိမ်းမှောက်ခြင်း၊ ရပ်ထားစဉ် ယာဉ်ပေါ်သို့ ပစ္စည်းတစ်ခုခု ပြုတ်ကျခြင်း၊
- ယာဉ်မီးလောင်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ အလိုအလျောက် မီးလောင်ခြင်း၊ ပြင်ပမီးကူးစက်ခြင်း၊ ပြင်ပမှ တစ်ခုခုပေါက်ကွဲပျက်စီးခြင်း၊
- ခိုးယူဖျောက်ဆုံးခြင်း၊
- မလိုတမာဖျက်ဆီးမှုကြောင့် ပျက်စီးခြင်း၊
- ရေလမ်း၊ ကုန်းလမ်း၊ ဓာတ်လှေကားဖြင့် သယ်ဆောင်စဉ် ပျက်စီးခြင်း၊
- သပိတ်မှောက်မှု၊ အဓိကရုဏ်းဖြစ်ခြင်း၊ ဆူပူမငြိမ် မသက်ဖြစ်ခြင်း စသည့် ဖြစ်ရပ်များကြောင့် အာမခံ



www.burmeseclassic.com

www.burmeseclassic.com

ထားသည့်ယာဉ်မတော်တဆ ထိခိုက်ပျက်စီးခဲ့လျှင် တစ်စိတ်တစ်ဒေသ ဆုံးရှုံးခြင်းအတွက် ဆုံးရှုံးသည့်ပမာဏနှင့် လုံးဝဆုံးရှုံးခြင်းအတွက် အာမခံထားငွေအထိ လျော်ကြေးရနိုင်ပါသည်။ အာမခံထားသည့် ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုကြောင့် သေဆုံးခြင်း အတွက် လူတစ်ဦးလျှင် ကျပ်တစ်သိန်း၊ ဒဏ်ရာရခြင်း များအတွက် ဆေးဘက်ဆိုင်ရာ ဆရာဝန် ထောက်ခံချက်ပေါ်မူတည်၍ သတ်မှတ်ထားသည့် လျော်ကြေး ပမာဏကို ရရှိနိုင်ပါသည်။

## ၂။ အာမခံထားနိုင်သည့်ယာဉ်အမျိုးအစားများ

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်နှင့် အငှားမော်တော်ယာဉ်အားလုံး အာမခံထားနိုင်ပါသည်။ ယာဉ်အသုံးပြုမှုကို အခြေခံပြီး လူစီးယာဉ်၊ ကုန်တင်ယာဉ်၊ ရုံးသုံး၊ ကုမ္ပဏီသုံး၊ စက်ရုံ၊ အလုပ်ရုံသုံး စသည်တို့ကို လိုင်စင်အမျိုးအစားအရ ခွဲခြားဖော်ပြရန် လိုအပ်ပါသည်။ တည်ဆောက်ရေးလုပ်ငန်းသုံး၊ ဝန်ချီစက်၊ ဝန်တင်စက်၊ မြေတူးစက်၊ မြေညှိစက်များ၊ မော်တော်ဆိုင်ကယ်၊ မီးသတ်ယာဉ်၊ လူနာတင်ယာဉ်နှင့် ဘာသာရေးဆိုင်ရာယာဉ်များလည်း အာမခံထားရှိနိုင်ပါသည်။



## ၃။ အာမခံထားခွင့်ရှိသူ

ယာဉ်ပိုင်ရှင်တစ်ဦးချင်းအနေဖြင့် အာမခံထား ရှိနိုင်ပါသည်။ ယာဉ်အသင်းမှ ယာဉ်ပိုင်ရှင်များကိုယ်စား တာဝန်ခံ၍လည်း ထားနိုင်ပါသည်။ သို့မှသာ အုပ်စုလိုက် အာမခံ ထားသည့်အတွက် လျှော့နှုန်းကို ရရှိနိုင်ပါသည်။ ယာဉ် ၁၀-စီးနှင့်အထက်ကျော်ပါက အခြေခံအာမခံကြေး၏ ၁၀% ကို လျှော့ငွေဖြင့် ရရှိမည်ဖြစ်ပါသည်။ ယာဉ်တစ်စီးခြင်း၏ အဆိုလွှာတွင်မူ ယာဉ်ပိုင်ရှင်၏အမည်ဖြင့်သာ အာမခံ ထားရှိရမည် ဖြစ်ပါသည်။

## ၄။ အာမခံထားမည့်ယာဉ်တန်ဖိုး

- ယာဉ်အသစ်များအတွက် အဝယ်ပြေစာ (Invoice) တန်ဖိုးဖြစ်ပါသည်။
- ယာဉ်အဟောင်းများအတွက် ကာလပေါက်ဈေး ဖြစ်သင့်ပါသည်။

## ၅။ အာမခံထားငွေ

- အာမခံထားလိုသည့်ယာဉ်၏ အာမခံထားရန် အဆိုပြုသည့် ငွေပမာဏဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

- အာမခံတန်ဖိုးသည် ကာလပေါက်ဈေးနှင့်အညီ ဖြစ်ရပါမည်။ နည်းလွန်းခြင်း၊ များလွန်းခြင်းမရှိစေရန် သတိပြုသင့်ပါသည်။
- ယာဉ်တွင် အပိုပစ္စည်းများဖြစ်သည့် ရေဒီယိုကက်ဆက်၊ ရုပ်မြင်သံကြား၊ တယ်လီဖုန်းများ တပ်ဆင်ထားရှိပါက တန်ဖိုးသီးခြားဖော်ပြ၍ ယာဉ်တန်ဖိုးနှင့် တပေါင်း တည်း ထားရှိနိုင်ပါသည်။
- အာမခံထားငွေကို မြန်မာကျပ်ငွေဖြင့်သော်လည်းကောင်း၊ နိုင်ငံခြားငွေ (US$/FEC) ဖြင့်သော်လည်းကောင်း ထားရှိနိုင်ပါသည်။

**၆။ အာမခံထားခြင်းဖြင့် ရနိုင်မည့် အကျိုးကျေးဇူးများ**

အာမခံထားခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

**(က) <u>အာမခံထားသည့်ယာဉ်</u>**

- ယာဉ်မတော်တဆထိခိုက်ခြင်း၊ တိမ်းမှောက်ခြင်း (အာမခံထားငွေထိ အများဆုံး လျော်ကြေးရနိုင်ပါသည်)။
- ယာဉ်ပေါ်သို့ ပစ္စည်းတစ်ခုခု ပြုတ်ကျခြင်း၊
- မီးလောင်ပျက်စီးခြင်း (မိုးကြိုးပစ်ခြင်း၊ ယာဉ်မှ အလိုအလျောက်မီးလောင်ခြင်း၊ ပြင်ပမီးကူးစက်လောင်ခြင်း၊ ပြင်ပပေါက်ကွဲမှုကြောင့် ယာဉ်ပျက်စီးခြင်း)၊
- ယာဉ်ခိုးယူခံရခြင်း၊ ပျောက်ဆုံးခြင်း၊
- ယာဉ်မလိုတမာ ဖျက်ဆီးခံရခြင်း၊
- ရေလမ်း၊ ကုန်းလမ်းဖြင့် သယ်ယူပို့ဆောင်စဉ် ပျက်စီးခြင်း၊
- သပိတ်မှောက်ခြင်း၊ အဓိကရုဏ်းဖြစ်ခြင်း၊ ဆူပူထကြွ မငြိမ်မသက်ဖြစ်ခြင်းကြောင့် ယာဉ်ပျက်စီးခြင်း (၇၂ နာရီ အတွင်းသာ)၊
- ယာဉ်ထိခိုက်မှု၊ ပျက်စီးမှုဖြစ်ပါက အနီးစပ်ဆုံး ဝပ်ရှော့ (သို့မဟုတ်) လုံခြုံရာနေရာသို့ ဆွဲယူသွားပါက ယာဉ်ဆွဲယူစရိတ် အများဆုံး ကျပ် ၂၀၀၀၀/- ထိ ရရှိနိုင်ခြင်း၊
- နိုင်ငံခြားငွေဖြင့်ထားရှိပါက ယာဉ်ဆွဲယူ စရိတ် အများဆုံး US$/FEC 2000 အထိ ရရှိနိုင်ခြင်း။

**(ခ) <u>သူတစ်ပါးပိုင်ယာဉ်နှင့်ပစ္စည်းများ</u>**

- အလုံးစုံမော်တော်ယာဉ် အာမခံထားငွေ ကျပ်သိန်း(၅၀၀)အောက် အာမခံထားသော ယာဉ်များ အား သူတစ်ပါးပိုင် ပစ္စည်းပျက်စီးမှု (Third Party Property Damage) အတွက် ဖြစ်ရပ်တစ်ခုလျှင် အများဆုံးလျော်ကြေးကို




www.burmeseclassic.com

www.burmeseclassic.com

ကျပ် (၇၅)သိန်း အထိ Liability လျော်ကြေး အဖြစ်သတ်မှတ်ရန်။

- အလုံးစုံမော်တော်ယာဉ် အာမခံထားငွေ ကျပ်သိန်း(၅၀၀) နှင့် အထက် အာမခံထားသော ယာဉ်များအား သူတစ်ပါး ပိုင်ပစ္စည်း ပျက်စီးမှု (Third Party Property Damage) အတွက် ဖြစ်ရပ်တစ်ခုလျှင် အများဆုံးလျော်ကြေး ကျပ်သိန်း (၁၅၀)အထိ Liability လျော်ကြေး အဖြစ်သတ်မှတ်ရန်။

(ဂ) <u>**သူတစ်ပါးထိခိုက်မှု**</u>

- အာမခံထားသည့်ယာဉ် ထိခိုက်မှုကြောင့် အခြားသူတစ်ဦး သေဆုံးခြင်း၊ ဒဏ်ရာရခြင်း အတွက် အများဆုံး ကျပ် (၉) သိန်း။
- လူသေဆုံး ဒဏ်ရာရရှိခြင်းအတွက် ဖြစ်ရပ်တစ်ခုလျှင် အများဆုံးလျော်ကြေး သတ်မှတ်ချက် ကျပ်သိန်း ၁၅၀)
- နိုင်ငံခြားငွေဖြင့် ထားရှိပါက ဖြစ်ရပ်တစ်ခုအတွက် လူထိခိုက်ဒဏ်ရာရရှိခြင်းနှင့် သေဆုံးခြင်းအတွက် အများဆုံး US$/FEC 100,000 အထိ ရရှိနိုင်ခြင်း၊



(ဃ) <u>**တရားရုံးစရိတ်**</u>

- မော်တော်ယာဉ်ထိခိုက်မှုအတွက် တရားရုံးတွင် အမှု ရင်ဆိုင်ရန် အကြောင်းပေးခဲ့လျှင် အာမခံထားသူအား အမှုတစ်ခုအတွက် အများဆုံး ကျပ် (၂)သိန်းအထိ ပေးလျော်နိုင်ခြင်း၊
- နိုင်ငံခြားငွေဖြင့်ထားရှိပါက တရားရုံးစရိတ် US$/FEC 2,000 အထိ ပေးလျော်နိုင်ခြင်း၊

(င) <u>**အာမခံထားသည့်ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းသူ**</u>

- အာမခံထားသည့်ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းသူ ခရီးသည်များ ထိခိုက်သေဆုံးမှုဖြစ်ပါက အပိုဒ် (ဂ)ပါ သူတစ်ပါး ထိခိုက်မှု ခံစားခွင့်အတိုင်း လျော်ကြေးရနိုင်ပါသည်။
- ယာဉ်ပိုင်ရှင် သေဆုံး၊ ဒဏ်ရာရရှိမှုအတွက် လျော်ကြေး ကျပ် (၁၃)သိန်းအထိ ရရှိနိုင်ပါသည်။ (ကိုယ်ပိုင်ယာဉ်များ အတွက်သာ)
- နိုင်ငံခြားငွေဖြင့်ထားရှိပါက အများဆုံး US$/FEC 10,000 အထိ လျော်ကြေးရရှိနိုင်ခြင်း။

(စ) <u>**အခြားယာဉ်ပေါ်တွင် စီးနင်းလိုက်ပါသူ**</u>

- အခြားယာဉ်ပေါ်တွင် စီးနင်းလိုက်ပါသူ


www.burmeseclassic.com

www.burmeseclassic.com



အားလုံးအတွက် အပိုဒ်(ဂ)ပါ ထိခိုက်၊ သေဆုံးမှုလျော်ကြေး လုံးဝအကျုံး ဝင်ပါသည်။

**(ဃ) လမ်းသွားလမ်းလာများ**

- လမ်းသွားလမ်းလာများ ထိခိုက်သေဆုံးမှုအတွက် အပိုဒ်(ဂ)ပါ သူတစ်ပါးထိခိုက်မှုလျော်ကြေး အကျုံးဝင်ပါသည်။

## ၇။ အာမခံထားရှိခြင်းကိစ္စ

**(က) လိုအပ်ချက်နှင့် အထောက်အထားများ**

- ယာဉ်မှတ်ပုံတင်စာအုပ်၊
- ပိုင်ဆိုင်မှုအထောက်အထား (စာချုပ်စသည်)
- လုပ်ငန်းလိုင်စင်၊
- ခရီးသည်ပို့ဆောင်ရေးအသင်းတွင် အဖွဲ့ဝင်ဖြစ်ပါက အသင်း၏ ထောက်ခံချက်၊
- ယာဉ်၏ ရှေ့၊ နောက်၊ ဝဲ၊ ယာ ဓါတ်ပုံ (၅ လက်မ × ၃ လက်မ) ၄ ပုံ၊ (ဓာတ်ပုံနောက်ကျောတွင် ယာဉ်ပိုင်ရှင် လက်မှတ်ရေးထိုးရန်)

**(ခ) ဝယ်ယူလိုသည့်အကာအကွယ်များ**

- အလုံးစုံမော်တော်ယာဉ် အာမခံအကာအကွယ်၊
- အာမခံထားသည့်ယာဉ် ထိခိုက်ပျက်စီးမှု အကာအကွယ်၊
- သူတစ်ပါးထိခိုက်နစ်နာဆုံးရှုံးမှုအတွက် ပေးလျော်ရန် တာဝန်ရှိမှုအကာအကွယ် တို့ကို သီးခြားစီဝယ်ယူလိုပါက ဝယ်ယူနိုင်ပါသည်။

## အဆိုလွှာတွင် ဖော်ပြရန်အချက်အလက်များ

အပိုဒ် (၁) ယာဉ်ပိုင်ရှင်နှင့်ပတ်သက်သည့် အချက်အလက်များ (အမည်၊ လိပ်စာ၊ အလုပ်အကိုင် စသည်)၊

အပိုဒ် (၂) ယာဉ်နှင့်ပတ်သက်သည့်အချက်အလက်များ၊

- ယာဉ်အမှတ်၊
- ယာဉ်အမျိုးအစားနှင့် မော်ဒယ်လ်၊ ကိုယ်ထည်အမျိုးအစား (ဆလွန်း၊ ပစ်ကပ် စသည်)၊
- ထုတ်လုပ်သည့်ခုနှစ်၊ တင်ဆောင်နိုင်သည့်လူဦးရေ၊ တင်ဆောင်နိုင်သည့်ကုန်တန်ချိန်၊ အင်ဂျင်စွမ်းအား (Cubic Capacity)၊
- အင်ဂျင်နံပါတ်၊ ဖရိန်နံပါတ်၊
- ယာဉ်၏လက်ရှိဈေးကွက်ပေါက်ဈေး (အပို





www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းများ အပါအဝင်)၊

- အငှားဝယ်စနစ်နှင့် ဝယ်သည့်ယာဉ်ဖြစ်ပါက ဝယ်ယူ သည့်ကုမ္ပဏီအမည်နှင့်လိပ်စာ၊
- အင်ဂျင်စွမ်းအား တိုးမြှင့်ရန် ပြုပြင်ထားခြင်း ရှိ၊ မရှိ။

အပိုဒ် (၃) အာမခံထားလိုသည့်အကာအကွယ်

- အာမခံထားလိုသည့်သက်တမ်း၊
- ထားလိုသည့် အကာအကွယ်အမျိုးအစား၊
- အပိုအကာအကွယ်ဝယ်ယူလိုပါကဖော်ပြရန်၊

(က) လေကာမှန်အတွက် အပိုအကာအကွယ်၊

(ခ) ခရီးသည်ကြောင့် ထိခိုက်နစ်နာ ဆုံးရှုံးမှု ဖြစ်ပေါ်လျှင် ပေးလျော်ရန် တာဝန်ရှိမှု အကာအကွယ်၊

(ဂ) လခစားယာဉ်မောင်းအတွက် ထိခိုက်မှု အကာအကွယ်၊

(ဃ) အခြားအပိုအကာအကွယ်များ၊

အပိုဒ် (၄) ယာဉ်ကို မည်သည့်ကိစ္စအတွက် အသုံးပြု လိုသည်ကို ဖော်ပြရန် (အိမ်သုံး၊ ရုံးသုံး၊ အငှား၊ လူစီး၊ အငှားခရီးသည်တင် စသည်)



အပိုဒ် (၅) ယာဉ်ကိုမောင်းနှင်မည့် ပုဂ္ဂိုလ်များနှင့် အချက် အလက်

■ ယာဉ်မောင်းအမည်၊ အမျိုးသား မှတ်ပုံတင်အမှတ်၊ အသက်၊ လိုင်စင် နံပါတ်/ခုနှစ်၊ လွန်ခဲ့သည့် (၃)နှစ်အတွင်း မော်တော်ယာဉ် ဖြစ်မှုအရ အရေးယူ ခံရခြင်း ရှိ/မရှိ၊ အာမခံထားသူနှင့် တော် စပ်ပုံ၊

(မှတ်ချက်) ယာဉ်မောင်း (၄) ဦးအထိ ဖော်ပြနိုင် ပါသည်။

အပိုဒ် (၆) ယခင်အာမခံထားရှိခဲ့စဉ် အချက်အလက်များ (ရှိပါက)

- အာမခံလက်ခံသူအမည်၊ ပေါ်လစီအမှတ်နှင့် ယာဉ်အမှတ်၊
- အာမခံလက်ခံရန်၊ သက်တမ်းဆက်ရန် ငြင်း ပယ်ခံခဲ့ရ ဖူးခြင်း ရှိ/မရှိ၊
- ပရီမီယံကို ယခင်က တိုးမြှင့်ကောက်ခံခြင်း ခံခဲ့ရခြင်း ရှိ/မရှိ၊


www.burmeseclassic.com

www.burmeseclassic.com

- ထိခိုက်ပျက်စီးမှုတိုင်းအတွက် တန်ဖိုး တစ်စုံတစ်ရာအထိ ယာဉ်ပိုင်ရှင်အား ကျခံစေခဲ့ခြင်း ရှိ/မရှိ။

## အရေးကြီးသောသတိပေးချက်

- အဆိုလွှာတွင်ဖော်ပြသည့်အချက်အလက်များကို မချွင်း မချန် မှန်ကန်စွာဖော်ပြရမည်။ သို့မဟုတ်ပါက အာမခံပေါ်လစီ ထုတ်ပေးပြီးဖြစ်သည့်တိုင် ပျက်ပြယ်သည်။
- ပရီမီယံကြေးကို မြန်မာ့အာမခံလုပ်ငန်းသို့ ပေးသွင်းခြင်း မပြုမချင်း မည်သည့်အကာအကွယ်မျှ ခံစားခွင့် မရှိပါ။

## အဆိုပြုသူ ကြေညာချက်

- ဤအဆိုလွှာသည် မြန်မာ့အာမခံလုပ်ငန်းနှင့် ယာဉ်ပိုင်ရှင်တို့ ချုပ်ဆိုမည့် ပဋိညာဉ်စာချုပ်အတွက် အခြေခံအချက်ဖြစ်ကြောင်း သဘောတူညီချက်ဖြစ်ပါသည်။
- အာမခံထားသည့်ယာဉ်ကို အာမခံကုမ္ပဏီတစ်ခုခုမှ ငြင်းပယ် ခြင်းခံရဖူးသူ ယာဉ်မောင်းတစ်ဦးဦးအား မောင်းနှင်ခွင့်မပြုရန် ယာဉ်ပိုင်ရှင်မှ တာဝန်ယူရပါမည်။



## အဆိုလွှာပေးပို့ခြင်း

- အဆိုလွှာကို ပြည့်စုံစွာဖြည့်စွက်၍ အာမခံထားသူ သို့မဟုတ် တာဝန်ရှိသူကိုယ်တိုင် လက်မှတ်ရေးထိုး၊ ရက်စွဲရေးသွင်း၍ မြန်မာ့အာမခံလုပ်ငန်းသို့ တိုက်ရိုက်ဖြစ်စေ၊ ကိုယ်စားလှယ် ကုမ္ပဏီ/ကိုယ်စားလှယ်မှ တစ်ဆင့်ဖြစ်စေ၊ လိုအပ်သည့် ယာဉ်ဓါတ်ပုံနှင့်အတူ ပေးပို့ရမည်။

## ယာဉ်မျက်မြင်စစ်ဆေးခြင်း

- အာမခံထားရန်အဆိုပြုသည့်ယာဉ်ကို မြန်မာ့အာမခံလုပ်ငန်းမှ စစ်ဆေးရေးအဖွဲ့ (Inspection Team) မှ မျက်မြင်စစ်ဆေးမှု ပြုလုပ်၍ မှတ်တမ်းတင်မည်။

## ငွေတောင်းခံလွှာ

- ဆက်လက်၍ မြန်မာ့အာမခံလုပ်ငန်းမှ ကျသင့်ပရီမီယံတန်ဖိုးကို တွက်ချက်၍ ငွေတောင်းခံလွှာဖြင့် ပရီမီယံပေးသွင်းရန် အကြောင်းကြားမည်။

## ပရီမီယံပေးသွင်းခြင်း

- ကျသင့်ပရီမီယံကို မြန်မာ့အာမခံလုပ်ငန်း ရုံးချုပ်/နယ်ရုံးခွဲများတွင် ကိုယ်တိုင်ပေးသွင်းနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အာမခံစတင်ခြင်း

- ပရီမီယံပေးသွင်းသည့်နေ့မှစတင်၍ အလုံးစုံမော်တော်ယာဉ် အာမခံ အတည်ဖြစ်သည်။
- ငွေမသွင်းမီ ဖြစ်ပျက်ခဲ့သော ကိစ္စရပ်များအတွက် မြန်မာ့အာမခံ လုပ်ငန်းမှ တာဝန်မယူပါ။

## ၈။ အာမခံသက်တမ်း

- ပရီမီယံပေးသွင်းသည့်နေ့မှစ၍ အများဆုံး တစ်နှစ်ဖြစ်သည်။ သက်တမ်းတိုထားရှိလိုပါကလည်း ထားနိုင် သည်။

## ၉။ ရပ်နားထားသည့်ယာဉ်

- ရပ်နားထားသည့်ယာဉ်များကို သီးခြားအာမခံ အကာအကွယ် ထားရှိနိုင်ပါသည်။

## ၁၀။ အာမခံသက်တမ်းဆက်ခြင်း

- သက်တမ်းမကုန်ဆုံးမီ အာမခံထားရှိလိုပါက ဆက်လက်ထားရှိ နိုင်ပါသည်။

(သတိပြုရန်အချက်မှာ အာမခံသက်တမ်း တစ်ခုနှင့် တစ်ခုကြား သက်တမ်းပြတ်လပ်မှု လုံးဝမရှိရပါ)



## ၁၁။ သက်တမ်းဆက်သည့်အခါ ရနိုင်သည့်အခွင့် အရေးများ

**လျော့ကြေးမဲ့ဆု** (NO CLAIM BONUS)

- အာမခံထားရှိသည့်ကာလအတွင်း လျော်ကြေးတောင်းခံခဲ့ခြင်း မရှိပါက နောက်သက်တမ်းဆက်သည့်နှစ်အတွက် အောက်ပါအတိုင်း လျော်ကြေးမဲ့ဆုအဖြစ် လျှော့နည်းနှုန်းသက်သာခွင့် ရရှိပါသည်။

## ကိုယ်ပိုင်မော်တော်ယာဉ်များအတွက် လျော်ကြေးမဲ့ဆု

### (PRIVATE CAR POLICY)

| | |
|---|---|
| အာမခံထားသည့် ပထမနှစ် | No Claim Bonus ရခွင့်မရှိပါ။ |
| အာမခံထားသည့် ဒုတိယနှစ် | No Claim Bonus ၂၅% |
| အာမခံထားသည့် တတိယနှစ် | No Claim Bonus ၃၀% |
| အာမခံထားသည့် အများဆုံးနှစ် | No Claim Bonus ၄၀% |



www.burmeseclassic.com

www.burmeseclassic.com

## အငှားမော်တော်ယာဉ်များအတွက် လျော့ကြေးဇယား (COMMERCIAL CAR POLICY)

အာမခံထားသည့် ပထမနှစ် No Claim Bonus ရခွင့်မရှိပါ။
အာမခံထားသည့် ဒုတိယနှစ် No Claim Bonus ၁၅%
အာမခံထားသည့် တတိယနှစ် No Claim Bonus ၂၀%
အာမခံထားသည့် အများဆုံးနှစ် No Claim Bonus ၂၅%

## မော်တော်ဆိုင်ကယ်များအတွက် လျော့ကြေးဇယား (MOTORCYCLE CAR POLICY)

အာမခံထားသည့် ပထမနှစ် No Claim Bonus ရခွင့်မရှိပါ။
အာမခံထားသည့် ဒုတိယနှစ် No Claim Bonus ၁၅%
အာမခံထားသည့် တတိယနှစ် No Claim Bonus ၂၀%
အာမခံထားသည့် အများဆုံးနှစ် No Claim Bonus ၂၅%



### ၁၂။ ယာဉ်ရောင်းချအစားထိုးခြင်း (Change of Car)

- အာမခံထားသည့်ယာဉ် ရောင်းချခြင်းအတွက် မိမိပိုင် အခြားယာဉ်ကို အစားထိုးနိုင်သည်။ ပရီမီယံကြေး အပို/အလိုရှိပါက ညှိနှိုင်းသတ်မှတ်ပါမည်။

### ၁၃။ ပိုင်ရှင်အမည်ပြောင်းလဲခြင်း (Change of Owner)

- အာမခံထားသည့်ယာဉ်ပိုင်ရှင်အမည် ပြောင်းလဲခွင့်ရှိပါသည်။
- ပိုင်ရှင်အမည်ပြောင်းလဲရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တရားဝင်ထုတ်ပေးသော ယာဉ်လိုင်စင်တွင် အမည်ပေါက်သူဖြစ်ရမည်။
- ယာဉ်လိုင်စင်စာအုပ်တွင် အမည်မပြောင်းရသေးပါက အရောင်းအဝယ်စာချုပ် တင်ပြရပါမည်။

### ၁၄။ ယာဉ်တန်ဖိုးမြင့်ဆင်ခြင်း

- ယာဉ်တန်ဖိုးအား ကာလပေါက်ဈေး ပြောင်းလဲမှုအရ မြင့်ဆင် နိုင်ခွင့်ရှိပါသည်။
- ယာဉ်အာမခံတန်ဖိုးမြင့်ဆင်ရာတွင် ကာလပေါက်ဈေးထက် နည်းလွန်းခြင်း၊ များလွန်းခြင်းများ


www.burmeseclassic.com

www.burmeseclassic.com

မဖြစ်စေရေး အထူးသတိပြုရန် လိုအပ်ပါသည်။

- အကယ်၍ ယာဉ်အာမခံတန်ဖိုးကို လျှော့ထား (သို့မဟုတ်) ပိုမိုထားရှိခြင်းတွင် ယာဉ်ထိခိုက်ဆုံးရှုံးမှုဖြစ်ပါက အချိုးကျစည်းကမ်း (Average Clause) ဖြင့် ပေးလျော်မည်ဖြစ်ပါသည်။

## အချိုးကျစည်းကမ်း (Average Clause)

- အာမခံထားကြရာတွင် ပေးသွင်းရမည့် ပရီမီယံ သက်သာစေရန်အတွက် အာမခံထားငွေကို ပြည့်ပြည့်ဝဝမထားဘဲ ကာလတန်ဖိုးထက်လျော့၍ အာမခံထားတတ်ကြပါသည်။ အကယ်၍ အာမခံထားသည့်ကား ဆုံးရှုံးမှုဖြစ်လျှင် အာမခံလျော့ထားသည့်အတွက် ခြားနားတန်ဖိုးများ ရှိလာပါမည်။ အာမခံသဘော တရားအရ ယင်းခြားနားငွေသည် အာမခံထားသူက တာဝန်ယူပြီး ကျန်ငွေကိုသာ မြန်မာ့အာမခံလုပ်ငန်းက တာဝန်ယူသည့် သဘောဖြစ်ပါသည်။ ထို့ကြောင့် လျော်ကြေးပေးချေရာတွင် အချိုးကျ စည်းကမ်းဖြင့်သာ ပေးလျော်မှာဖြစ်ပါသည်။ ဥပမာ–ကာလ တန်ဖိုး ကျပ် ၁၀၀,၀၀၀/– ရှိသောယာဉ်ကို ကျပ် ၅၀,၀၀၀/– ဖြင့်ထားပါက ခြားနားတန်ဖိုး ကျပ် ၅၀,၀၀၀/– ကို ပိုင်ရှင်မှ



တာဝန်ယူသကဲ့သို့ဖြစ်ပါသည်။ အဆို ပါယာဉ် လုံးဝဆုံးရှုံးပါက ကျပ် ၅၀,၀၀၀/– ကို ပေးလျော်ပါမည်။ တစ်စိတ်တစ်ဒေသ ကျပ် ၂၅,၀၀၀/– သာဆုံးရှုံးပါက–

ဆုံးရှုံးမှုတန်ဖိုး × အာမခံထားငွေ = လျော်ကြေး
ကာလတန်ဖိုး

၂၅၀၀၀ × ၅၀၀၀၀ = လျော်ကြေး
၁၀၀၀၀၀

## ရာခိုင်နှုန်းသတ်မှတ်ပေးလျော်ခြင်း

- အာမခံထားသည့်ယာဉ် တစ်စိတ်တစ်ဒေသပျက်စီးမှု (Partial Loss) ဖြစ်ပေါ်လျှင် အာမခံထားသည့် တန်ဖိုး (Sum Insured Value) ပေါ်မူတည်၍ ပျက်စီးသည့် အတိုင်းအတာအလိုက် ရာခိုင်နှုန်း သတ်မှတ်၍ သင့်တော်သည့် လျော်ကြေးငွေကို ပေးလျော်မည် ဖြစ်ပါသည်။ (ဥပမာ– အာမခံထားငွေ ကျပ် သိန်း၁၀၀ တန်ကားနှင့် အာမခံထားငွေ ကျပ် သိန်း ၃၀၀ တန်ကား နှိုင်းယှဉ်လျှင် ပျက်စီးသည့်ပမာဏ တူသော်လည်း ရာခိုင်နှုန်းအရ တွက်ချက်ရရှိသည့် လျော်ကြေးပမာဏမှာ တူညီ


www.burmeseclassic.com

www.burmeseclassic.com

မည်မဟုတ်ပါ။ ကျပ် သိန်း ၁၀၀ တန်ကား ၁၀% ပျက်စီးလျှင် ကျပ်သိန်း ၁၀ ပေးလျော်ရန် ဖြစ်ပါသည်။)

## ၁၅။ လျော်ကြေးကိစ္စများ

- ယာဉ်ထိခိုက်ပျက်စီး ဆုံးရှုံးမှုဖြစ်လျှင် ဆုံးရှုံးမှု အတိုင်းအတာအရ လျော်ကြေးပေးပါမည်။
- ယာဉ်မတော်တဆထိခိုက်ခြင်း၊ တိမ်းမှောက်ခြင်း အတွက် လုံးဝဆုံးရှုံးခဲ့လျှင် အများဆုံး အာမခံထားငွေ အထိ လျော်ပါမည်။
- တစ်စိတ်တစ်ဒေသ ဆုံးရှုံးပျက်စီးခြင်းအတွက် အစားထိုးလဲလှယ်ခြင်း၊ ပြုပြင်ပေးခြင်းများ ပြုလုပ်ပေးပါသည်။
- မီးလောင်ဆုံးရှုံးပျက်စီးခြင်းအတွက်လည်း လျော်ကြေးပေးပါသည်။
- ခိုးယူခံရခြင်း၊ ပျောက်ဆုံးခြင်းနှင့် ယာဉ်တွင် တပ်ဆင်ထားသောပစ္စည်း ခိုးယူခံရခြင်းများ အတွက်လည်း တန်ရာတန်ဖိုး ပေးလျော်ပါသည်။
- တစ်ပါးသူများ၏ မလိုတမာဖျက်ဆီးမှု (Damage Due to Malicious Act)ကြောင့် ပျက်စီးပါက ဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်ပါသည်။



- ရေလမ်း၊ ကုန်းလမ်းဖြင့် တစ်နေရာမှ တစ်နေရာသို့ သယ်ယူစဉ် ထိခိုက်ပျက်စီးပါကလည်း လျော်ကြေး ပေးပါသည်။
- SRCC (Strike, Riot, Civil Commotion) သပိတ်မှောက်ခြင်း၊ အဓိကရုဏ်းဖြစ်ခြင်း၊ လူထု ထကြွ မငြိမ်မသက်ဖြစ်ခြင်းကြောင့် ပျက်စီးပါက လျော်ကြေး ပေးပါသည်။
- လျော်ကြေးပေးချေရာတွင် လုံးဝသုံးမရအောင် ပျက်စီးခြင်းအတွက် အများဆုံးအာမခံတန်ဖိုးကို ပေးလျော်မည်ဖြစ်ပြီး ယာဉ်ပျက်ကို သိမ်းဆည်းမည် ဖြစ်ပါသည်။ ထို့အတူ အစားထိုး လဲလှယ်ပေးခြင်း အတွက်လည်း ပျက်စီးသောပစ္စည်းကို သိမ်းယူမည် ဖြစ်ပါသည်။

## ၁၆။ ဆုံးရှုံးမှုလျော်ကြေးကိစ္စဆောင်ရွက်ခြင်း

- ယာဉ်ထိခိုက်ပျက်စီး ဆုံးရှုံးမှုဖြစ်ပါက မြန်မာ့အာမခံ လုပ်ငန်းသို့ ရက်သတ္တတစ်ပါတ်အတွင်း အသေးစိတ် အချက်အလက်များ ပြည့်စုံစွာဖော်ပြ၍ စာဖြင့် အကြောင်းကြားရပါမည်။
- ယာဉ်ထိခိုက်ပျက်စီးမှုဖြစ်ပါက (လိုအပ်လျှင်) သက်ဆိုင်ရာရဲတပ်ဖွဲ့သို့ သတင်းပို့တိုင်ကြားရန် လိုအပ်


www.burmeseclassic.com

www.burmeseclassic.com

သည်။

- ထိခိုက်ပျက်စီးသည့်ယာဉ်ကို အနီးစပ်ဆုံးဝပ်ရှော့ (သို့မဟုတ်) လုံခြုံသည့်နေရာသို့ ဆွဲယူခြင်း ပြုလုပ်ရပါမည်။
- ထပ်မံပြီး ဆုံးရှုံးမှု၊ ပျက်စီးမှု မဖြစ်စေရန် တတ်နိုင်သမျှ စောင့်ရှောက်ရန် တာဝန်ရှိခြင်း၊
- မြန်မာ့အာမခံလုပ်ငန်းက ခွင့်ပြုချက်မရဘဲနှင့် ယာဉ်ကို ပြင်ဆင်ခြင်း မပြုလုပ်ရပါ။
- အာမခံထားသည့်ယာဉ်၏အမှားကြောင့် သူတစ်ပါး သေဆုံးခြင်း၊ ဒဏ်ရာရခြင်း၊ သူတစ်ပါးပိုင် တိုက်တာ၊ နေအိမ်ဝင်းခြံ စသည့် ပျက်စီးခြင်းများအတွက် ဆန္ဒစောပြီး လျော်ကြေးပေးခြင်းများ မလုပ်သင့်ပါ။ မြန်မာ့အာမခံလုပ်ငန်းက သတ်မှတ်ထားသည့် အများဆုံးရနိုင်သည့် ဘောင်အတွင်းမှ ပြေလည်အောင် ဆောင်ရွက်ပေးပါမည်။
- ယာဉ်ပျက်စီးမှုအခြေအနေကို ဓါတ်ပုံရိုက်၍ မှတ်တမ်းယူမည် ဖြစ်ပါသည်။
- ယာဉ်ထိခိုက်မှု အကြောင်းကြားစာတွင် အောက်ပါ အချက်အလက်များ ပါဝင်ရမည်ဖြစ်ပါသည်။

(က) ဝယ်ယူထားသည့် အာမခံအကာအကွယ် အချက်အလက်များ၊



(ခ) အာမခံထားသူနှင့် သက်ဆိုင်သည့် အချက်အလက်များ၊

(ဂ) အာမခံထားသည့်ယာဉ်နှင့် သက်ဆိုင်သည့် အချက်အလက်များ၊

(ဃ) ထိခိုက်မှုဖြစ်ပွားသည့်အချိန်၊ အာမခံထားသည့်ယာဉ်ကို မောင်းသည့်ယာဉ်မောင်းနှင့် ပတ်သက်သည့်အချက်များ၊

(င) ထိခိုက်မှုဖြစ်ပွားပုံ၊

(စ) သက်ဆိုင်ရာရဲတပ်ဖွဲ့သို့ အကြောင်းကြားခြင်း ရှိ/မရှိ၊

(ဆ) ထိခိုက်မှုနှင့်ပတ်သက်၍ မျက်မြင်သက်သေများ (ရှိခဲ့လျှင်)

(ဇ) ထိခိုက်မှုအတွက် တာဝန်ရှိသည်ဟု ယူဆရသည့်သူ၊

(ဈ) မိမိယာဉ် အပျက်အစီးအသေးစိတ်၊

(ည) မိမိယာဉ်ထိခိုက်မှုကြောင့် တစ်ဖက်ယာဉ် ပျက်စီးမှု၊

(ဋ) ထိခိုက်မှုကြောင့် သူတစ်ပါးပိုင် ပစ္စည်း ပျက်စီးမှု၊

(ဌ) ထိခိုက်မှုကြောင့် သေဆုံးသူများ၊ ဒဏ်ရာရသူများရှိခဲ့လျှင် ဖော်ပြပေးရန်။


www.burmeseclassic.com

www.burmeseclassic.com

## ၁၇။ လျော်ကြေးငွေထုတ်ပေးခြင်း

လျော်ကြေးငွေကို အာမခံထားသူ ယာဉ်ပိုင်ရှင်သို့ ပေးလျော်မည် ဖြစ်ပါသည်။ လျော်ကြေးငွေထုတ်ပေးရာတွင် ရန်ကုန်မြို့၌ဖြစ်ပါက မြန်မာ့အာမခံလုပ်ငန်း၊ သူ့တစ်ပါးထိခိုက်မှုအာမခံဌာနမှ ချက်လက်မှတ်ဖြင့်လည်းကောင်း၊ လျော်ကြေးငွေကျပ် ၂၅,၀၀၀/- အထိ မြန်မာ့ အာမခံလုပ်ငန်း(ရုံးချုပ်)တွင် ငွေသားဖြင့် ထုတ်ပေးပါမည်။ မြန်မာ့အာမခံလုပ်ငန်း၊ နယ်ရုံးခွဲများရှိရာမြို့များတွင် ငွေပေးအမိန့်စာအရ နယ်ရုံးခွဲများတွင် ထုတ်ယူနိုင်ပါသည်။ နယ်ရုံးခွဲမရှိသော မြို့နယ်များအတွက် မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်ငွေလွှဲလက်မှတ်ဖြင့် ထုတ်ပေး မည်ဖြစ်ပါသည်။

## နှုတ်ဖြတ်ငွေ (STANDARD EXCESS)

နှုတ်ဖြတ်ငွေ (Standard Excess) ဆိုသည်မှာ တောင်းခံငွေမှ နှုတ်ဖြတ်မည့်ငွေပမာဏကို ဆိုလိုပါသည်။ နှုတ်ဖြတ်ငွေကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ် ထားပါသည်။

(က) ကိုယ်ပိုင်ယာဉ်များ ထိခိုက်ပျက်စီးမှု လျော်ကြေးအတွက် (Standard Excess) နှုတ်ဖြတ်ငွေမှာ ကျပ် ၅၀၀၀/- သတ်မှတ်ထားပါသည်။ ဆိုလိုသည်မှာ လျော်ကြေး ကျပ် ၆၀၀၀/- ဖြစ်လျှင် (ကျပ် ၆၀၀၀-၅၀၀၀=ကျပ် ၁၀၀၀) ကျပ် ၁၀၀၀/- သာ လျော်ကြေးရမည်ဖြစ်ပါသည်။ အကယ်၍ လျော်ကြေးကို မနှုတ်ဖြတ် (Nil Excess) စေလိုပါက ကျပ်၅၀၀/- အပိုနှုန်း ပေးသွင်း ရမည် ဖြစ်ပါသည်။

(ခ) နိုင်ငံခြားငွေဖြင့်ထားရှိပါက Standard Excess မှာ US$/ FEC 100 ဖြစ်ပါသည်။ Nil Excess ယူလိုပါက US$/ FEC 25 ပေးသွင်းရမည်ဖြစ်ပါသည်။

(ဂ) လုပ်ငန်းသုံးယာဉ်များအတွက် အာမခံထားငွေ ကျပ်သိန်း ၂၀ အထိ (Standard Excess) နှုတ်ဖြတ်ငွေ ကျပ် ၁၀,၀၀၀/- သတ်မှတ်ပြီး (Nil Excess)ဖြစ်ရန် ကျပ် ၁,၀၀၀/- အပိုနှုန်းပေးသွင်းရပါမည်။

(ဃ) အာမခံထားငွေ သိန်း ၂၀ အထက်ယာဉ်များအတွက် (Standard Excess) နှုတ်ဖြတ်ငွေဖြင့် ၂၀,၀၀၀/- သတ်မှတ်ပြီး (Nil Excess) ဖြစ်ရန် ကျပ် ၂,၀၀၀/- အပိုနှုန်းပေးသွင်းရပါမည်။

## ယာဉ်မောင်း (DRIVER)

အာမခံထားသည့်ယာဉ်ကို မောင်းနှင်သည့်သူသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးထားသည့် တရားဝင် ယာဉ်မောင်းခွင့်လိုင်စင် ရှိရမည်ဖြစ်ပါသည်။ တရားဝင် ယာဉ်မောင်း




www.burmeseclassic.com

www.burmeseclassic.com

လိုင်စင်ရှိသော်လည်း အာမခံထားရန် အဆိုလွှာ တွင် ဖော်ပြထားသည့် ယာဉ်မောင်းမဟုတ်ဘဲ တခြားတစ်ဦးဦး မောင်း နှင် ခြင်း ကြောင့် ထိခိုက်မှု ဖြစ်ပါက လျော်ကြေး မပေးပါ။ ယာဉ်မောင်းလိုင်စင်မရှိဘဲ သို့မဟုတ် ယာဉ်မောင်း နှင်ခွင့်မရှိသည့်ယာဉ်ကို မောင်းနှင်ခြင်းကြောင့် ထိခိုက်မှု ဖြစ်ပါကလည်း လျော်ကြေးမပေးပါ။

အာမခံထားသည့်ယာဉ်ကို တရားဝင်မောင်းနှင်သူ (Authorised Driver) ဆိုသည်မှာ အာမခံထားသူ၏ တရားဝင်ခွင့်ပြုချက်နှင့် မောင်းနှင်သူ ဖြစ်ပါသည်။ မိသားစု ဝင်တစ်ဦးဦး (သို့မဟုတ်) မိတ်ဆွေ တစ်ဦးဦးတို့ ဖြစ်နိုင် ပါသည်။ တရားဝင်မောင်းသည့် ယာဉ်မောင်းသူ များ (Authorised Driver) သေဆုံးဒဏ်ရာရခဲ့လျှင် လျော်ကြေး ပေးမည်ဖြစ်ပါသည်။ သူတစ်ပါးထိခိုက်မှု အခွင့်အရေး အတိုင်း ရရှိပါမည်။ ပရီမီယံအပိုပေးသွင်းရန် မလိုပါ။ အထူး သတိပြုရန်မှာ Authorised Driver ရနိုင်သည့် အခွင့် အရေးမျိုးကို Private Car Policy တွင်သာ ခွင့်ပြုပါသည်။ Commercial Car Policy တွင် ခွင့်မပြုပါ။






www.burmeseclassic.com

www.burmeseclassic.com

## အသက်အာမခံ

အသက်အာမခံ လုပ်ငန်းများမှာ

(၁) ပြည်သူ့ဝန်ထမ်း အသက်အာမခံ
(၂) တပ်မတော်ဝန်ထမ်း အသက်အာမခံ
(၃) ပြည်သူပြည်သား အသက်အာမခံ
(၄) စုပေါင်း အသက်အာမခံ
(၅) သင်္ဘောသား အသက်အာမခံ
(၆) တရားဝင်ပြည်ပလုပ်သား အသက်အာမခံ
(၇) ငွေအန္တရာယ် အသက်အာမခံ
(၈) အားကစားသမား အသက်အာမခံ



## အသက်အာမခံ (အလုပ်လက်ခံဌာန)

မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော

### (၁) ပြည်သူ့ဝန်ထမ်း အသက်အာမခံ

– ဝန်ထမ်း အသက် (၁၈) နှစ် မှ (၅၅) နှစ်ထိ ထားရှိနိုင်ပါသည်။

– အသက် (၅၀)နှစ် မပြည့်သေးသည့် ပြည်သူ့ဝန်ထမ်းတိုင်း မထားမနေရ အသက်အာမခံ ထားရှိရပါမည်။

– အသက် (၅၀) နှစ် ပြည့်ပြီးသည့် ဝန်ထမ်းများမှာမူ ကင်းလွတ်ခွင့်ရှိပါသည်။ အကယ်၍ အသက်အာမခံထားလိုပါက ဆေးစစ်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

- အာမခံထားငွေ ကျပ် ၅၀၀၀ဝိ/- ထိ ဆေးစစ်ခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။

- လစဉ် ပေးသွင်းရမည့် ပရီမီယံငွေသည် လစာ၏ ၁၅% မကျော်လွန်စေရပါ။

## (၂) တပ်မတော်ဝန်ထမ်း အသက်အာမခံ

- အသက် (၁၈) နှစ် မှ (၅၅) နှစ်ထိ စစ်သည်များ အသက်အာမခံ ထားရှိနိုင်ပါသည်။

- တပ်မတော်အရာရှိများ အသက်အာမခံထားငွေ ကျပ် ၅၀၀၀၀ဝိ/ (ကျပ်ငါးသိန်း)အထိလည်းကောင်း၊ အခြား အဆင့်စစ်သည်များ အသက်အာမခံထားငွေ ကျပ် ၁၀၀၀၀ဝိ/ (ကျပ်တစ်သိန်း)အထိ ဆေးစစ်ခြင်းကင်းလွတ်ခွင့်ပြုပါမည်။

အာမခံသက်တမ်းမှာ (၅)နှစ်၊ (၁၀) နှစ်ဖြစ်ပါသည်။

- ပရီမီယံစတင်ပေးသွင်းသည့်နေ့သည် အာမခံစသည့်နေ့ ဖြစ်ပါသည်။

## (၃) ပြည်သူပြည်သား အသက်အာမခံ

အသက် (၁၈) နှစ် မှ (၅၅) နှစ်အထိ ထားရှိနိုင်ပါသည်။



သက်တမ်းမှာ အနည်းဆုံး (၅) နှစ် သက်တမ်းဖြစ်ရပါမည်။

အာမခံထားငွေ အနည်းဆုံး ကျပ် ၅၀၀၀ဝိ/ (ကျပ်ငါးထောင်) အများဆုံး ကျပ်သိန်းနှစ်ဆယ် (၂၀၀၀၀၀ဝိ/) ထိ ထားနိုင်ပါသည်။

အာမခံထားသူတိုင်း ဆေးစစ်ရပါမည်။

အာမခံထားငွေ ကျပ် ၅၀၀၀ဝိ/- ထိ မြို့နယ်ဆရာဝန်၊ ကျပ် ၅၀၀၀၀ အထက်ကို ပြည်နယ်/တိုင်းအဆင့်ရှိ ဆရာဝန်ကြီးတစ်ဦးဦး (သို့) ပါရဂူတစ်ဦးဦးဖြင့် ကျန်းမာရေးအတွက် ဆေးစစ်ရပါမည်။

X-Ray, E.C.G, UltraSound, Urine Test များ တင်ပြရပါမည်။

ပရီမီယံစတင်ပေးသွင်းသည့်နေ့သည် အာမခံစသည့်နေ့ ဖြစ်ပါသည်။

အာမခံကိုယ်စားလှယ်မှတစ်ဆင့် ပြည်သူပြည်သား အာမခံ ထားနိုင်ပါသည်။

## (၄) စုပေါင်းအသက်အာမခံ

အနည်းဆုံး အလုပ်သမား (၅)ဦး ရှိရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

အသက် (၁၈) နှစ် မှ (၆၀) နှစ် အတွင်း ရှိသူ ဖြစ်ရပါမည်။

အလုပ်ရှင် မှ ၄င်း (သို့) လုပ်သားများ ဆန္ဒ အလျောက်လည်းကောင်း အာမခံထားနိုင်ပါသည်။

မျက်မြင်အားဖြင့် ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရပါမည်။

အာမခံထားငွေ ကျပ် ၁၀၀၀၀၀ အထက် ကျော်ပါက ပြည်နယ်/တိုင်း/မြို့နယ် ဆေးရုံ (သို့မဟုတ်) သမားတော်ကြီး တစ်ဦးဦး (သို့မဟုတ်) ဆေးရုံအုပ်ကြီး တစ်ဦးဦးထံတွင် ဆေးစစ်ရပါမည်။

X-Tay. E.C.G, Ultra Sound, Urine Test များတင်ပြရပါမည်။ ကျန်းမာရေး အဆင့်မီသူများကိုသာ လက်ခံပါမည်။

ဆေးစစ်ခကို အာမခံထားသူမှ ကျခံရပါမည်။

အာမခံသက်တမ်းမှာ ၁ နှစ် ဖြစ်ပါသည်။

အာမခံကိုယ်စားလှယ် မှ တစ်ဆင့်လည်း စုပေါင်းအသက် အာမခံထားရှိနိုင်ပါသည်။





## (၅) သင်္ဘောသား အသက်အာမခံ

သင်္ဘောသား အသက်အာမခံကို ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန သင်္ဘောသားအလုပ်အကိုင်ကြီးကြပ်ရေးအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းလျက် လက်ခံဆောင်ရွက်ပေးပါသည်။

သင်္ဘောသားတစ်ဦးလျှင် အာမခံသက်တမ်း ၁ နှစ် အာမခံထားငွေ ကျပ် (၅၀)သိန်း အတွက် ပရီမီယံကျပ် ၂၅၀၀၀/- ဖြစ်ပါသည်။

အသက် (၁၈) နှစ် မှ (၆၀) နှစ်အတွင်း ဖြစ်ရပါမည်။ အကယ်၍ အသက် ၆၀ နှစ် ကျော်သော်လည်း ကျန်းမာရေး ကောင်းမွန်သဖြင့် ထားလိုပါက အပိုနှုန်းပေါင်းပြီး ပရီမီယံကျပ် ၃၀၀၀၀/- ဖြင့် လက်ခံဆောင်ရွက်ပေးပါသည်။

သင်္ဘောသားမှတ်ပုံတင်အမှတ် (C.D.C) နှင့် နိုင်ငံကူး လက်မှတ် အမှတ်များဖော်ပြရပါမည်။

S.E.C.D မှ စေလွှတ်ခြင်းဖြစ်သည့်အတွက် ကျန်းမာရေး စစ်ဆေးချက် ထပ်မံမတောင်းပါ။

အာမခံလက်မှတ် စတင်ဝယ်ယူသည့်နေ့မှစ၍ ၁ နှစ် တိတိ သက်တမ်းရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သဘော်သားသည် မိမိဆန္ဒအရ အကျိုးခံစားခွင့် ရှိသူကို အဆိုလွှာတွင် ဖော်ပြရမည်။

### (၆) မြန်မာနိုင်ငံသား (တရားဝင်) ပြည်ပအလုပ်သမား အသက်အာမခံ

အာမခံအမျိုးအစားမှာ သေဆုံးမှုအတွက် လျော်ကြေးပေးရသော အသက်အာမခံ အမျိုးအစားဖြစ်သည်။

တရားဝင် ပြည်ပအလုပ်သမား ၁ ဦးလျှင် အာမခံထားငွေ ကျပ် (၅၀)သိန်း အာမခံသက်တမ်း ၁ နှစ်အတွက် ပရီမီယံကျပ် ၂၅၀၀၀/ ဖြစ်ပါသည်။

အသက် (၁၈) နှစ် မှ (၆၀) နှစ် အတွင်း အလုပ်သမားများ အာမခံထားရှိနိုင်သည်။

အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန၏ တရားဝင် ဆေးစစ်ပြီး ကျန်းမာကြောင်း အထောက်အထား တင်ပြရမည်။ (သို့) မြန်မာ့အာမခံ လုပ်ငန်းမှ သက်မှတ်ထားသော ဆရာဝန်ဖြင့် ဆေးစစ်ပုံစံများအတိုင်း ဆေးစစ်ခြင်း ပြုလုပ်ရမည်။

နိုင်ငံကူးလက်မှတ် မိတ္တူပူးတွဲ တင်ပြရမည်။

အာမခံထားသည့် အလုပ်သမား မြန်မာနိုင်ငံမှ စတင်ထွက်ခွါသည့်နေ့၌ အာမခံသက်တမ်း စတင်ပါသည်။



### (၇) မြွေအန္တရာယ် အာမခံ

ကျား/မ အသက်အရွယ်မရွေး ထားရှိနိုင်သည်။

အာမခံထားငွေ ကျပ် (၅)သိန်း၊ ၁ နှစ် သက်တမ်းအတွက် လက်မှတ် (၁)စောင်လျှင် ကျပ် (၅၀၀)နှုန်း ဖြင့်ဝယ်ယူနိုင်သည်။

မြွေကိုက်ခံရ၍ သေဆုံးလျှင်သော်လည်းကောင်း၊ ဆေးဝါးကုသမှုခံယူရလျှင်သော်လည်းကောင်း၊ အကျိုးခံစားခွင့် တောင်းခံနိုင်ခွင့်ရှိသည်။

### (၈) အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ

အသက် (၁၀) နှစ် မှ (၆၀) နှစ် ထိရှိသော ရပ်ကွက် ကျေးရွာ မြို့နယ် ခရိုင် တိုင်းအသီးသီးရှိ ကျောင်းသူကျောင်းသားများနှင့် အားကစားသမားများ ထားရှိနိုင်သည်။

မည်သည့် အားကစားနည်းကိုမဆို အားကစားသမားတစ်ဦးလျှင် အာမခံသက်တမ်း (၁) နှစ် အာမခံထားငွေကျပ် (၁၀)သိန်း အတွက် ပရီမီယံ ၃၀၀၀/ နှုန်း ဖြစ်ပါသည်။

အားကစားသမား အာမခံထားသူသည် မိမိဆ


www.burmeseclassic.com

www.burmeseclassic.com

အရ အကျိုးခံစားခွင့်ရှိသူကို အဆိုလွှာတွင် ဖော်ပြနိုင်သည်။

ဂေါက်သီး အားကစားသမားများနှင့်အတူ ဂေါက်သီးကောက်သမား (caddie) မှာလည်း အာမခံထားရှိနိုင်သည်။

နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများ အနေဖြင့် ပြည်ပတိုင်းပြည်များသို့ သွားရောက်ယှဉ်ပြိုင်သည့်အခါ သက်ဆိုင်ရာနိုင်ငံတွင် အားကစားယှဉ်ပြိုင်ရန် နေထိုင်စဉ်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် သေဆုံးပါက ကျပ်(၁၀)သိန်း ထိခိုက်ဒဏ်ရာရခြင်းများအတွက် ဆရာဝန် ဆေးထောက်ခံချက်အရ အများဆုံးကျပ်(၁၀)သိန်း အကျိုးခံစားခွင့် ရရှိရန် အောက်ပါအတိုင်း ပရီမီယံပေးဆောင်ရမည်။

၃ ရက် ခရီးစဉ် = ပရီမီယံကျပ် ၃၀၀

၇ ရက် ခရီးစဉ် = ပရီမီယံကျပ် ၄၀၀

၂ ပါတ် ခရီးစဉ် = ပရီမီယံကျပ် ၅၀၀

၁ လ ခရီးစဉ် = ပရီမီယံကျပ် ၆၀၀

ရက်တိုအားကစား အာမခံထားရှိခြင်းအား (၁)နှစ် သက်တမ်းထားရှိပြီးသော အားကစားသမားများကိုသာ လက်ခံဆောင်ရွက်ပေးသည်။



## အသက်အာမခံငွေပေးဌာန

အသက်အာမခံငွေပေးဌာန အနေဖြင့် ပြည်သူ့ဝန်ထမ်းများ၏ ချေးငွေထုတ်ပေးခြင်း၊ အမ်းငွေထုတ်ပေးခြင်း၊ နှစ်စေ့တောင်းခံငွေထုတ်ပေးခြင်း၊ သေဆုံးမှုတောင်းခံငွေထုတ်ပေးခြင်း၊ ထာဝစဉ်မသန်မစွမ်း တောင်းခံငွေထုတ်ပေးခြင်း၊ တို့အပြင် သဘောင်္သား အသက်အာမခံတောင်းခံငွေထုတ်ပေးခြင်း၊ မြွေအန္တရာယ်အာမခံ တောင်းခံငွေထုတ်ပေးခြင်း၊ ပြည်ပအလုပ်သမားများ အသက်အာမခံတောင်းခံငွေထုတ်ပေးခြင်း၊ စုပေါင်းအာမခံ တောင်းခံငွေထုတ်ပေးခြင်း နှင့် အားကစားသမားများ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ တောင်းခံငွေထုတ်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

### (၁) ချေးငွေထုတ်ပေးခြင်း

အာမခံသက်တမ်း (၅)နှစ်မှ (၁၂)နှစ်အထိ ပေါ်လစီများအတွက် ပရီမီယံပေးသွင်းပြီး (၂)နှစ်ပြည့်လျှင်သော်လည်းကောင်း သက်တမ်း(၁၃)နှစ် အထက်ထားရှိသည့် ပေါ်လစီများအတွက် ပရီမီယံ (၃)နှစ် ဆက်တိုက်ပေးသွင်းပြီးပါက ချေးငွေတောင်းခံနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ချေးငွေလျှောက်ထားရာတွင်

၁။ ပေါ်လစီရှင်၏ လျှောက်လွှာ

၂။ မူရင်းပေါ်လစီစာချုပ်ကြီး

အသင့်တွက်ချက်ပြီး ဖယားအရ ထုတ်ပေးပါသည်။

## ( ၂ ) အပ်ငွေထုတ်ပေးခြင်း

ပရီမီယံကို သတ်မှတ်ထားသည့်နှစ်အတိုင်း ပေးသွင်းပြီးသော အသက်အာမခံထားရှိသည့် ဝန်ထမ်းတစ်ဦးသည် အလုပ်မှနုတ်ထွက်ခြင်း၊ အငြိမ်းစားယူခြင်း၊ ထုတ်ပယ်ခြင်းတို့ကြောင့် အသက်အာမခံကြေးကို ဆက်လက်မပေးသွင်းခဲ့လျှင် ပြန်အပ်ငွေထုတ်ယူနိုင်ပါသည်။

အပ်ငွေလျှောက်ထားရာတွင်

၁။ ပေါ်လစီရှင်၏လျှောက်လွှာ

၂။ သက်ဆိုင်ရာရုံးမှ ထုတ်ပြန်သည့် ပင်စင်(သို့) နုတ်ထွက်အမိန့်မိတ္တူ

၃။ ပရီမီယံကိုမည်သည့်လအထိ ပေးသွင်းပြီးကြောင်း၊ ဌာနဆိုင်ရာ ထောက်ခံချက်

၄။ မူရင်းပေါ်လစီစာချုပ်ကြီး စသည်တို့ တင်ပြရမည်။



## ( ၃ ) နှစ်စေ့ငွေထုတ်ပေးခြင်း

အသက်အာမခံထားရှိသော ဝန်ထမ်းများ အာမခံသက်တမ်း ပြည့်မြောက်သည့်အခါ နှစ်စေ့တောင်းခံငွေ ထုတ်ပေးပါသည်။

နှစ်စေ့ငွေတောင်းခံရာတွင်

၁။ ပေါ်လစီရှင်၏လျှောက်လွှာ

၂။ ပရီမီယံကို မည်သည့်လအထိ ပေးသွင်းပြီးကြောင်းဌာနဆိုင်ရာ ထောက်ခံချက်

၃။ မူရင်းပေါ်လစီစာချုပ်ကြီးတင်ပြရပါမည်။

## ( ၄ ) သေဆုံးမှုတောင်းခံငွေထုတ်ပေးခြင်း

ပေါ်လစီသက်တမ်း တည်မြဲနေချိန်ကာလအတွင်း အာမခံထားသူ ကွယ်လွန်ခဲ့ပါက (မီမီကိုယ်ကို သတ်သေခြင်းမှ လွဲ၍) အကျိုးခံစားခွင့် လွှဲပြောင်းပေးခြင်းခံရသူအား ထုတ်ပေးပါသည်။

သေဆုံးမှု တောင်းခံငွေလျှောက်ထားရာတွင်

၁။ အကျိုးခံစားခွင့်လွှဲပြောင်းပေးခြင်းခံရသူ၏လျှောက်လွှာ

၂။ အာမခံထားသူ၏ သေစာရင်း (သို့) ကွယ်လွန်ကြောင်း ရုံးအမိန့်စာမိတ္တူ


www.burmeseclassic.com

www.burmeseclassic.com

၃။ ပရီမီယံကို မည်သည့်လအထိပေးသွင်းပြီးကြောင်း ငွှာနဆိုင်ရာ ထောက်ခံချက်

၄။ မူရင်းပေါ်လစီစာချုပ်ကြီး စသည်တို့ တင်ပြရမည်။

## ( ၅ )သင်္ဘောသား အသက်အာမခံလျော်ကြေးငွေထုတ်ပေးခြင်း

သင်္ဘောသားအသက်အာမခံထားရှိသော သင်္ဘောသားသည် အာမခံသက်တမ်းအတွင်း အကျိုးခံစားခွင့်အကျုံးဝင်သည့် စည်းကမ်းချက်အရ သေဆုံးခဲ့လျှင်(သို့) ဒဏ်ရာရရှိခဲ့လျှင် လျော်ကြေးငွေလျှောက် ထားနိုင်ပါသည်။

သေဆုံးခဲ့ပါက အကျိုးခံစားခွင့်ရှိသူမှ

၁။ သင်္ဘောသားအသက်အာမခံလက်မှတ်မူရင်း

၂။ လျှောက်လွှာ (အကျိုးခံစားခွင့်ရှိသူမှ)

၃။ ရပ်ကွက် ထောက်ခံချက်

၄။ သက်ဆိုင်ရာ သင်္ဘောကုမ္ပဏီမှ သေဆုံးကြောင်း အတည်ပြု ထောက်ခံချက်

၅။ သင်္ဂြိုဟ်ပြီးကြောင်း ထောက်ခံချက်

၆။ ငွေသွင်းပြေစာမူရင်း

၇။ ဒဏ်ရာရရှိခြင်းအတွက် ဆရာဝန်၏ ဆေးကုသမှု မှတ်တမ်း နှင့် ဒဏ်ရာရရှိမှု အခြေအနေ ဖော်ပြသည့်ဆေးထောက်ခံချက် စသည်ဖြင့် တင်ပြရ



ပါမည်။

## ( ၆ )ထာဝစဉ်မသန်မစွမ်းမှုအတွက်လျော်ကြေးခံခြင်း

အာမခံသက်တမ်းအတွင်း ပေါ်လစီ တည်မြဲနေချိန်တွင် ရုတ်တရက် ထိခိုက်မှုကြောင့်လည်းကောင်း ရောဂါကြောင့်သော်လည်းကောင်း ထာဝစဉ်မသန်မစွမ်း ဖြစ်၍ အလုပ်အကိုင်လုံးဝ မလုပ်ကိုင်နိုင်လျှင် အာမခံထားငွေကို တစ်လုံးတည်း ထုတ်ပေးပါသည်။

ထာဝစဉ်မသန်မစွမ်းဖြစ်ခဲ့လျှင်

၁။ ထာဝစဉ်မသန်မစွမ်းဖြစ်သည့်နေမှ ရက်ပေါင်း (၆၀) အတွင်း အကျိုးခံစားခွင့်လျှောက်ထားရမည်။

၂။ ပေါ်လစီတည်မြဲချိန်တွင် ရုတ်တရက်ထိခိုက်ခြင်း (သို့) ရောဂါ ရရှိခြင်းကြောင့် ထာဝစဉ် မသန်မစွမ်းဖြစ်၍ အလုပ်လုံးဝ မလုပ် နိုင်ကြောင်း လျှောက်လွှာတွင် ဖော်ပြရမည်။

၃။ ထာဝစဉ်မသန်မစွမ်းဖြစ်၍ လုံးဝ အလုပ်မလုပ်နိုင်ကြောင်း ပါရဂူ၏ထောက်ခံသည့် အထောက်အထားများ တင်ပြရမည်။

(မှတ်ချက်။ ။ သေရည်သောက်စားခြင်းကြောင့်လည်းကောင်း၊ ကာလသားရောဂါကြောင့်လည်းကောင်း၊ ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို အနာတရ ရစေခြင်း



www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်ခြင်း၊ သေးအန္တရာယ် ဖြစ်စေသော ဆေးဝါးမှီဝဲခြင်းကြောင့် ဖြစ်ပေါ်လာသော မဖွမ်းမသန်မှုအတွက် အကျုံးမဝင်ပါ။)

## ( ၅ ) မြွေအန္တရာယ်အာမခံ

မြွေအန္တရာယ် အာမခံထားရှိသူသည် အာမခံသက်တမ်းအတွင်း မြွေကိုက်ခံရ၍ သေဆုံးလျှင်သော်လည်းကောင်း ဒဏ်ရာရရှိခဲ့လျှင်သော် လည်းကောင်း လျော်ကြေးတောင်းခံ လျှောက်ထားနိုင်ပါသည်။

တောင်းခံငွေလျှောက်ထားရာတွင်

၁။ အာမခံလက်မှတ်မူရင်း

၂။ ရ.ယ.က / မ.ယ.က မှ မြွေကိုက်ခံရကြောင်း ထောက်ခံချက်

၃။ ဆေးရုံ (သို့) ဆေးခန်းသို့ တက်ရောက်ခဲ့သည့် ဆေးလက်မှတ်

၄။ သေဆုံးခြင်းအတွက် သေစာရင်းမိတ္တူ

၅။ ဒဏ်ရာရရှိမှုအတွက် ဒဏ်ရာပေါ်လွင်သော အစိတ်အပိုင်းဓာတ်ပုံ

၆။ ဆေးကုသမှုအတွက် အမှန်တကယ်ကုန်ကျခဲ့သည့် ဆေးပြေစာ မူရင်းများ စသည့် ဖြင့်တင်ပြရမည်။



## ( ၆ ) စုပေါင်းအသက်အာမခံ

စုပေါင်းအသက်အာမခံထားရှိသော အလုပ်သမားများသည် အာမခံသက်တမ်းအတွင်း သေဆုံးခြင်း ဒဏ်ရာရရှိခြင်းများ ဖြစ်ပေါ်ပါက အကျိုးခံစားခွင့်ရှိသူမှ အောက်ပါအထောက်အထားများ တင်ပြတောင်းခံရပါမည်။

၁။ အကျိုးခံစားခွင့်ရှိသူမှ လျှောက်လွှာ

၂။ အလုပ်ရှင်မှသေဆုံးခြင်း (သို့) ဒဏ်ရာရရှိခြင်းမှန်ကန်ကြောင်းထောက်ခံချက်

၃။ သေဆုံးခြင်းအတွက် သေစာရင်းမိတ္တူ

၄။ ဒဏ်ရာရရှိခြင်းအတွက် ဆေးကုသမှု မှတ်တမ်းများ တင်ပြရပါမည်။

## ( ၇ ) အားကစားသမားများ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ

အားကစားသမားများ အာမခံသက်တမ်းအတွင်း သေဆုံးခြင်း (သို့) ဒဏ်ရာရရှိခြင်းများအတွက် အောက်ပါအထောက်အထားများဖြင့် တင်ပြလျှောက်ထားရပါမည်။

၁။ အကျိုးခံစားခွင့်ရှိသူမှ လျှောက်လွှာ

၂။ အာမခံလက်မှတ်မူရင်း

၃။ သေဆုံးခြင်းအတွက်သေစာရင်းမိတ္တူ


www.burmeseclassic.com

www.burmeseclassic.com

၄။ ဒဏ်ရာရရှိခြင်းအတွက် ဆေးကုသမှု မှတ်တမ်း ထောက်ခံချက်များ
၅။ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ထောက်ခံချက်များတင်ပြရမည်။

## ( ၁၀ ) ပြည်ပအလုပ်သမားများ အသက်အာမခံ

အာမခံထားသောပြည်ပလုပ်သားတစ်ဦးသည် အာမခံသက်တမ်းအတွင်း သေဆုံးခဲ့ပါက အကျိုးခံစားခွင့်ရှိသူမှ အောက်ပါအထောက်အထားများဖြင့် တင်ပြတောင်းခံရပါမည်။

၁။ အကျိုးခံစားခွင့်ရှိသူမှလျှောက်လွှာ
၂။ ပြည်ပလုပ်သားအသက်အာမခံလက်မှတ်မူရင်း
၃။ သံရုံး (သို့) ကောင်စစ်ဝန်ရုံးထောက်ခံချက်
၄။ ဓာတ်ပုံအထောက်အထား
၅။ သက်ဆိုင်ရာ ကုမ္ပဏီ၏ထောက်ခံချက်
၆။ ဆေးရုံမှ ထောက်ခံချက်များစသည်ဖြင့် တင်ပြရပါမည်။



## တပ်မတော်(ငွေပေး)ဌာန

၁။ တပ်မတော်ဝန်ထမ်းများ အသက်အာမခံထားရှိပြီး သက်တမ်း(၅)နှစ်ပြည့်၍ နှစ်စေ့တောင်းခံငွေ လျှောက်ထားရာတွင် အောက်ပါအချက်များဖြင့် တင်ပြတောင်းခံရပါမည်။

၁။ အရာရှိလျှောက်လွှာ
၂။ စာချုပ်ကြီး/ လက်ခံလွှာ
၃။ ပရီမီယံ ထောက်ခံချက်/Pay Slip

၂။ တပ်မတော်ဝန်ထမ်းများ အသက်အာမခံထားရှိပြီး သက်တမ်းမစေ့မီ အလုပ်မှနုတ်ထွက်ခြင်း၊ ထုတ်ပယ်ခံရခြင်းတို့အတွက် အမ်းငွေ လျှောက်ထားရာတွင် အောက်ပါအချက်များဖြင့် တင်ပြ တောင်းခံ ရပါမည်။

(၁) လျှောက်လွှာ
(၂) တပ်ထွက်အပိုင်း(၁)အမိန့်ပြန်တမ်း
(၃) စာချုပ်ကြီး
(၄) ပရီမီယံထောက်ခံချက်

၃။ တပ်မတော်ဝန်ထမ်းများ အသက်အာမခံထားရှိပြီး သက်တမ်းမစေ့မီ သေဆုံးသွားပါက အောက်ပါအချက်များ


www.burmeseclassic.com

www.burmeseclassic.com

ဖြင့် တင်ပြတောင်းခံရပါမည်။

(၁) လျှောက်လွှာ

(၂) သေဆုံးကြောင်းအပိုင်း(၁) (သို့မဟုတ်) (၂)အမိန့်ပြန်တမ်း

(၃) တပ်ဝင်ရက်စွဲနှင့်မွေးသက္ကရာဇ်ထောက်ခံချက်

(၄) စာချုပ်ကြီး

(၅) ပရီမီယံထောက်ခံချက်

၄။ တပ်မတော်ဝန်ထမ်းများ အသက်အာမခံထားရှိပြီး သက်တမ်းမစေ့မီ ဒဏ်ရာရရှိပြီး ထာဝစဉ် မစွမ်းမသန်ဖြစ်ပါက အောက်ပါအချက်များဖြင့် တင်ပြတောင်းခံရပါမည်။

(၁) လျှောက်လွှာ

(၂) ဒဏ်ရာရအပိုင်း(၂)အမိန့်ပြန်တမ်း

(၃) ဆေးပါရဂူထောက်ခံချက်

(၄) စာချုပ်ကြီး

(၅) ပရီမီယံထောက်ခံချက်



## မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်

အမှတ် ၆၂၇/၆၃၅၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

| | | |
|---|---|---|
| စာတိုက်သေတ္တာ | - | ၂၀၄ |
| ကြေးနန်း | - | MYANMASURE |
| တဲလက်စ် | - | 21203 INSURE BM |
| | | 21225 INSURE BM |
| ဖက်စ် | - | 0095 1 387247 |
| | | 0095 1 250275 |
| | | 0095 1 283961 |

| | | |
|---|---|---|
| ဖုန်း | ၂၅၀၁၅၂<br>၃၈၄၈၆၄<br>၃၈၄၈၇၃ | သူတစ်ပါးထိခိုက်မှုအာမခံ နှင့် အလုံးစုံမော်တော်ယာဉ်အာမခံဌာန |
| | ၂၅၁၇၆၀<br>၂၅၁၇၆၄<br>၃၈၄၈၇၄<br>၃၈၄၈၈၀ | မီးနှင့်အင်ဂျင်နီယာအာမခံဌာန |
| | ၂၅၁၇၆၁<br>၂၅၂၃၇၁ | ရေကြောင်း၊ လေကြောင်းနှင့် ခရီးသွားအာမခံဌာန |
| | ၂၅၁၇၆၂<br>၃၈၄၈၇၆<br>၃၈၄၈၈၁ | အသက်အာမခံဌာန |



www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့အမယ်လူမှုဖွံ့ဖြိုးရေးအသင်း

## နယ်ရုံးခွဲများ၏ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်များ

| စဉ် | ရုံးခွဲအမည် | ဆက်သွယ်ရန်လိပ်စာ | ဖုန်းနံပါတ် |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | အကွက်အမှတ်(၆)၊<br>ဦးပိုင်အမှတ်(၂၆/၁)၊<br>ရွာရပ်၊ မြစ်ကြီးနားမြို့။ | ၀၇၄-၂၂၇၃၆ |
| ၂။ | ကယားပြည်နယ် | ဒေါဥဒူရပ်ကွက်၊<br>၆-လမ်း၊ အမှတ်-၁၈၊<br>ဦးပိုင်အမှတ်(၉)၊ လွိုင်ကော်မြို့။ | ၀၈၃-၂၁၃၆၂ |
| ၃။ | ကရင်ပြည်နယ် | အမှတ် (၅)ရပ်ကွက်၊<br>ဗိုလ်ချုပ်လမ်း၊<br>ဘားအံမြို့။ | ၀၅၈-၂၁၂၀၄ |
| ၄။ | ချင်းပြည်နယ် | ဗိုလ်ချုပ်လမ်း၊<br>ဈေးသစ်ရပ်ကွက်၊<br>ဟားခါးမြို့။ | ၀၇၀-၂၁၁၂၇ |
| ၅။ | မွန်ပြည်နယ် | အမှတ်-၇၂၊<br>တောင်ဝိုင်းလမ်းနှင့်<br>တောင်ပေါ်လမ်းထောင့်၊မော်လမြိုင်မြို့။<br>တောင်ဝိုင်းလမ်းနှင့်<br>တောင်ပေါ်လမ်းထောင့်၊<br>မော်လမြိုင်မြို့။ | ၀၅၇-၂၇၀၅၅ |
| ၆။ | ရခိုင်ပြည်နယ် | မေယုလမ်း၊<br>ညောင်ဝတီရပ်၊ စစ်တွေမြို့။ | ၀၄၃-၂၃၅၈၄ |
| ၇။ | ရှမ်းပြည်နယ် | ဗိုလ်ချုပ်အောင်ဆန်းလမ်း၊<br>သစ်တောရပ်ကွက်၊<br>တောင်ကြီးမြို့။ | ၀၈၁-၂၁၆၆၄ |
| ၈။ | ရှမ်း(အရှေ့) | ၂၂၈-၂၂၉၊ မြို့တော်ခန်းမ<br>အနောက်ဘက်၊<br>သီလရှင်စာသင်တိုက်အနီး၊<br>ကျိုင်းတုံမြို့။ | ၀၈၄-၂၂၄၇၅ |
| ၉။ | ရှမ်း(မြောက်) | ဘုတာရုံလမ်း၊<br>(၁)ရပ်ကွက်၊<br>လားရှိုးမြို့။ | ၀၈၂-၂၃၉၆၄<br>၀၈၂-၂၃၆၇၅ |
| ၁၀။ | စစ်ကိုင်းတိုင်း | ရုံးကြီးရပ်၊ကန်သာယာ<br>ပတ်လမ်း၊မုံရွာမြို့။ | ၀၇၁-၂၁၂၃၉ |
| ၁၁။ | တနင်္သာရီတိုင်း | ၂၀/၊ကန်ဖျားလမ်းမကြီး၊ | ၀၅၉-[illegible] |





www.burmeseclassic.com

www.burmeseclassic.com

ကန်ဖျားရပ်ကွက်၊မြိတ်မြို့။

၁၂။ ပဲခူးတိုင်း — လိပ်ပြာကန် (၃၃)လမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့။ — ၀၅၂–၂၁၂၅၀

၁၃။ ပဲခူး(အနောက်) — အနောက်မြို့ပတ်လမ်း၊ ဓနတ္တရာမြို့သစ်၊ ပြည်မြို့။ — ၀၅၃–၂၄၂၄၆

၁၄။ မကွေးတိုင်း — ကန်သာယာ(၁၄)လမ်း၊ ၉/င၊အကွက်(၁) တိုင်းဆေးရုံကြီးတောင်ဘက်၊ မကွေးမြို့။ — ၀၆၃–၂၃၆၃၈

၁၅။ မန္တလေးတိုင်း — ၆၃–လမ်း၊၃၄×၃၅ကြား၊ ပြည်ကြီးမျက်ရှင်ရပ် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ — ၀၂–၃၉၁၁၈ ၀၂–၃၉၁၁၉

၁၆။ ရောဝတီတိုင်း — တိုင်းအဆင့်စုပေါင်းရုံး၊ တောမန္တလာလမ်း၊ ပုသိမ်ဟိုတယ်အနီး၊ ပုသိမ်မြို့။ — ၀၄၂–၂၄၂၉၄



၁၇။ နေပြည်တော် တိုင်းရုံး — မဉ္ဇူလမ်းနှင့် (၂၂)လမ်းထောင့်၊ ပေါင်းလောင်း (၃)၊ ရွာကောက်ရပ်၊ ပျဉ်းမနားမြို့။ — ၀၆၇–၂၂၅၃၉

၁၈။ ကျောက်ဆည် ခရိုင် — စုပေါင်းရုံးကြီး အနောက်ဖက်၊ ဆူးကုန်ရပ်ကွက်၊ ကျောက်ဆည်မြို့။ — ၀၆၆–၅၀၂၅၃

၁၉။ စစ်ကိုင်းခရိုင် — (ဃ–၈၀)၊ သီရိမင်္ဂလာလမ်း၊ပါရမီရပ်၊ စစ်ကိုင်းမြို့။ — ၀၇၂–၂၁၀၇၀

၂၀။ တာချီလိတ် ခရိုင် — ဟောင်လိတ်ရပ်ကွက်၊ တံတားအနီး၊ စက်မှုဇုန်၊ တာချီလိတ်မြို့။ — ၀၈၄–၅၁၈၅၇

၂၁။ တောင်ငူခရိုင် — စိမ်းကိန်းရုံးတောင်ဘက်၊ (၉)ရပ်ကွက်၊ အုတ်ကြွပ်တန်းရပ်၊ တောင်ငူမြို့။ — ၀၅၄–၂၃၇၆၈

၂၂။ ထားဝယ်ခရိုင် — ဆေးရုံလမ်း၊ ညောင်ရမ်းတောင်ရပ်၊ — ၀၅၉–၂၁၂၀၁



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| | ထားဝယ်မြို့။ | |
| ၂၃။ ပခုက္ကူခရိုင် | (၁)ရပ်ကွက်၊<br>မဟာဝိဇယာရာမလမ်းနှင့်<br>သိတာလမ်းထောင့်၊<br>ဖောင်တော်ဦးဘုရားအနီး၊<br>ပခုက္ကူမြို့။ | ၀၆၂-၂၁၅၁၉ |
| ၂၄။ ဖျာပုံခရိုင် | အမှတ်-၄၆၊<br>ပထမလမ်း၊ စည်ပင်သာယာ<br>ရုံးရှေ့၊ ဖျာပုံမြို့။ | ၀၄၅-၄၀၄၂၂ |
| ၂၅။ မအူပင်ခရိုင် | အမှတ်-၁၅၇၊<br>မင်းလမ်း၊ ၉-ရပ်ကွက်၊<br>မအူပင်မြို့။ | ၀၄၅-၃၀၃၄၀ |
| ၂၆။ မှော်ဘီခရိုင် | အမှတ်(အ-၁၄၂)၊<br>ပြည်ထောင်စုလမ်း၊<br>ဟိုမ္ဗန်ရပ်ကွက်၊ မှော်ဘီမြို့။ | ၀၈၂-၅၂၆၂၀ |
| ၂၇။ မိတ္ထီလာခရိုင် | ပေါက်ချောင်း<br>ရိပ်သာရပ်ကွက်၊<br>ကန်ပတ်လမ်း၊ မိတ္ထီလာမြို့။ | ၀၆၄-၂၃၅၇၂ |
| ၂၈။ မြဝတီခရိုင် | ခ.ယ.ကာရုံးလမ်း၊<br>မြဝတီမြို့။ | ၀၅၈-၅၀၂၅၀ |



| | | |
|---|---|---|
| ၂၉။ မြင်းခြံခရိုင် | ၂-လမ်း၊ ၂-ရပ်ကွက်၊<br>မြင်းခြံမြို့။ | ၀၆၆-၂၁၅၆၄ |
| ၃၀။ မြောင်းမြခရိုင် | ၃၂/၂-လမ်း၊<br>၂-ရပ်ကွက်၊မြောင်းမြမြို့။ | ၀၄၂-၇၀၃၉၄ |
| ၃၁။ ရမည်းသင်းခရိုင် | တ/၈၈၊ ရန်အောင်မြင်<br>ဘုရားလမ်း၊<br>ဝါးတိုးဈေးကုန်းရပ်၊<br>ရမည်းသင်းမြို့။ | ၀၆၄-၄၀၁၅၉ |
| ၃၂။ ရန်ကုန်တောင်ပိုင်းခရိုင် | အမှတ်-၄၊<br>အောင်မင်္ဂလာရပ်ကွက်၊<br>အောင်မင်္ဂလာလမ်း၊ သန်လျင်မြို့။ | ၀၅၆-၂၁၅၄၆ |
| ၃၃။ ရွှေဘိုခရိုင် | အမှတ်(၃)ရပ်ကွက်၊<br>ဘုရားကြီးကုန်းကွင်း၊<br>ကွင်းအမှတ် (၂၉၈၄)၊ ရွှေဘိုမြို့။ | ၀၇၅-၂၁၃၁၈ |
| ၃၄။ သထုံခရိုင် | သထုံ-ဘားအံ<br>ကားလမ်းမဘေး၊ ဘင်လိှုင်<br>ရပ်ကွက်၊ ကျွန်းတောကွေ့၊<br>သထုံမြို့။ | ၀၅၈-၄၀၂၈၁ |


www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၃၅။ သရက်ခရိုင် | အမှတ်-၂၈၁၊<br>ရွှေရင်ခေါင်းလမ်းနှင့်<br>လမ်းမတော်လမ်းထောင့်၊<br>ရုံးရပ်ကွက်။ | ၀၆၈-၂၁၀၄၆ |
| ၃၆။ သာယာဝတီ<br>ခရိုင် | ရိပ်သာလမ်း၊<br>ဆရာစံမြို့သစ်၊<br>သာယာဝတီမြို့။ | ၀၅၅-၃၀၂၈၁ |
| ၃၇။ သံတွဲခရိုင် | ဗိုလ်ချုပ်လမ်း၊<br>သံတွဲမြို့။ | ၀၄၃-၆၅၂၁၉ |
| ၃၈။ ဟင်္သာတခရိုင် | အမှတ်-၂၊<br>ဗိုလ်အောင်ကျော်လမ်း၊<br>ဟင်္သာတမြို့။ | ၀၄၄-၂၁၅၄၆ |



BURMESE CLASSIC .com

နောင်ရေးစိတ်အေးရအောင်

နိုင်ငံပိုင်မြန်မာ့အာမခံလုပ်ငန်းမှာ

အာမခံ အမြန်

ထားလှည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



# မြန်မာ့အာမခံလုပ်ငန်း

မြန်မာ့အာမခံလုပ်ငန်းရုံးချုပ် ► ၆၂၇-၆၃၅၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့

မီး အာမခံဌာန

☎- ၃၈၄၈၇၄၊ ၂၅၁၇၆၀

ရေ/လေ အာမခံဌာန

☎- ၂၅၁၇၆၁၊ ၂၅၂၃၇၁

အသက်အာမခံဌာန

☎- ၃၈၄၈၇၆၊ ၃၈၄၈၈၁

သူတစ်ပါးထိခိုက်မှု အာမခံဌာန

☎-၃၈၄၈၇၃၊ ၂၅၀၁၅၂





BURMESE CLASSIC

www.burmeseclassic.com